ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (12-3-2008) (၅၆၂၀)

ကတညုတာ
စေတံ မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲကျင်းပ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့် တိုးမြှင့်ဆောင်ရွက်ပေးနိုင်

နေပြည်တော် မတ် ၁၁

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ဟုမ္မလင်းမြို့ရှိ အဆိုပါ ပြည်သူ့ဆေးရုံသစ်ရှေ့၌ကျင်းပရာ ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ဟုမ္မလင်းမြို့ ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံသစ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက ဆေးရုံသစ် ကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ကမ္ပည်းကျောက်ပြားကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် ဆေးရုံသစ်ရှိ သွားဆေးကုသခန်းမ၌ ခေတ်မီ စက်ကိရိယာများတပ်ဆင်ထားမှု၊ ဆေးသိုလှောင်ခန်း၊ အမျိုးသမီးလူနာကုသဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသားလူနာကုသဆောင်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ဖဲကြိုးဖြတ် ဖွင့်လှစ်

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့ ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ကျန်းမာရေး)

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

မြစ်ဝကျွန်းပေါ် ဒေသများတွင် နေ့အပူချိန်များ တိုးလာနိုင်သည်။

ကြေးမုံ The Mirror — နိုင်ငံတော်က ဒီမိုကရေစီလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခဲ့သမျှ ပွင့်လင်းသည်

"နိုင်ငံတော်က ဒီမိုကရေစီလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခဲ့သမျှ ပွင့်လင်းသည်။ အများပြည်သူထံ ချပြရင်း ကမ္ဘာကိုပါ သိစေခဲ့သဖြင့် ထင်သာမြင်သာရှိသည်။ အစီအစဉ်များကိုလည်း အချိန်ဇယား ဖော်ပြလုပ်ဆောင်ခဲ့သည်။ ဤသို့ပွင့်လင်းမြင်သာသည့်လုပ်ငန်းများကို ဓမ္မသန်းကျော်သော မြန်မာပြည်သူတို့ သိသည်၊ မြင်သည်၊ ကြားသည်။ မျက်စိမပါ စက္ခုဝိညာဉ်မရှိ သောတဝိညာဉ် တံခါးပိတ်ထားသူများက မမြင် မသိ မကြားသည်မှာ အဆန်းမဟုတ်တော့ပါ။ ပြည်တွင်းပြည်ပ အဖျက်သမားနှင့် ကိုလိုနီဝါဒီတို့သည်ကား ဓမ္မသန်းကျော်သော မြန်မာတို့ကို သူတို့မသိ၊ အလေးမထား၊ တစ်ဦးတစ်ယောက်တည်းကိုသာ သိကြသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆန့်ကျင်ပြီး တစ်ဦးတစ်ဖွဲ့အကျိုးကိုသာ သိတတ်ကြသူများဖြစ်သည်"

ခိုင်မျိုးညီလာအောင်၏ **"ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့ (၃)"** (ဆောင်းပါး) စာမျက်နှာ—၆၊ ၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၂-၃-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

မျက်စိအလင်းရရေး ဝိုင်းဝန်းစောင့်ရှောက်ကူညီ

မြန်မာနိုင်ငံတွင် မျက်မမြင်ဖြစ်စေသည့် အကြောင်းရင်းများအနက် အပူပိုင်းဒေသတွင် တစ်ချိန်က အဖြစ်များခဲ့သော မျက်ခမ်းစပ်ရောဂါသည် မျက်စိကွယ်စေသော အကြောင်းတစ်ခုဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းချမှတ်၍ ချောက်မြို့၊ မိတ္ထီလာမြို့၊ မုံရွာမြို့၊ ပဲခူးမြို့၊ စဉ့်ကိုင်မြို့တို့တွင် အဓိကဒေသများ သတ်မှတ်ဖော်ဆောင်လျက်ရှိသည်။

မျက်ခမ်းစပ်ရောဂါအပြင် မျက်စိကွယ်စေသော အဓိကရောဂါများဖြစ်သည့် အတွင်းတိမ်၊ ရေတိမ်ဖြစ်ပွားသူများကိုလည်း နှစ်စဉ်ခွဲစိတ်ကုသပေးလျက်ရှိသည်။ မျက်စိဝေဒနာရှင်များအား ဆေးရုံများနှင့် ကာကွယ်ကုသရေးစီမံချက်ဌာနများက ပြုစုစောင့်ရှောက် ကုသပေးလျက်ရှိသည့်အပြင် မျက်စိအထူးကုဆရာဝန်ကြီးများက ကျေးလက်ဒေသအရောက်ကွင်းဆင်း၍ အခမဲ့ကုသပေးနေသည်။

မျက်စိအထူးကုဆရာဝန်ကြီးများ ခေါင်းဆောင်၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ်မှစ၍ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ သွားရောက်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၇ခုနှစ်တွင် မျက်စိဝေဒနာရှင် လေးသောင်းကျော်ကို အခမဲ့ ကြည့်ရှုကုသပေးနိုင်ခဲ့ပြီး အတွင်းတိမ်လူနာပေါင်း သုံးထောင်ကျော်ကို မျက်စိအလင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့ကွင်းဆင်းခွဲစိတ်ကုသမှုများ ဆောင်ရွက်လျက်ရှိရာ ယခုနှစ် ဇန်နဝါရီလအတွင်း ရခိုင်ပြည်နယ် စစ်တွေမြို့ဝန်းကျင်ဒေသ၌ မျက်စိ ဝေဒနာရှင်ငါးထောင်ကျော်နှင့် အတွင်းတိမ်လူနာ ခြောက်ရာကျော်၊ မတ်လအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ဝန်းကျင်ဒေသ၌ မျက်စိဝေဒနာရှင် သုံးထောင်ကျော်နှင့် အတွင်းတိမ်လူနာ နှစ်ရာကျော်တို့ကို မျက်စိအလင်းရရေး ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့သည်။

မျက်စိမမြင်သူများအား အလင်းရရှိရေး ဖော်ဆောင်ပေးခြင်းသည် မွန်မြတ်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ကူညီလျက်ရှိရာ နိုင်ငံတစ်ဝန်း မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၁

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်း တာဝန်ခံ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် မတ် ၈ ရက် နံနက်ပိုင်းတွင် ပလောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်း မြိတ်ခရိုင် ပလောက်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် မွန်းလွဲပိုင်းတွင် ပုလောမြို့ ကမ်းရိုးတန်း ရတနာခန်းမသို့ ရောက်ရှိပြီး ပုလောမြို့နယ် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ပုလောမြို့ အမှတ် (၁) ရပ်ကွက် မီးဘေးသင့် အိမ်ထောင်စုများအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ အဝတ်အထည် အသုံးအဆောင် ပစ္စည်းများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ အဝတ်အထည်များ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အလှူငွေများကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မိသားစုလှူဒါန်းသည့် ဆန်အိတ် ၁၀၀၊ အဆောင်ကောင်းကုမ္ပဏီမှ လှူဒါန်းသည့် ဆန်အိတ် ၁၀၀ နှင့် အလှူငွေများကို လည်းကောင်း၊ တိုင်းအသင်းအတွင်းရေးမှူး ဦးကျော်ကျော်ဌေးက တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းနှင့် ကော့သောင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသည့် အဝတ်အထည်များကို လည်းကောင်း၊ မြိတ်မြို့ လုပ်ငန်းရှင် ဦးလှဝင်းက အလှူငွေကျပ် ငါးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပုလောမြို့ အမှတ် (၁)ရပ်ကွက် မီးဘေး ကယ်ဆယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှဆန်းက လက်ခံသည်။

ညနေပိုင်းတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မြိတ်မြို့ သမုတ်ကျေးရွာရှိ ဗင်းဒေ့ကုမ္ပဏီ၏ ရော်ဘာအခြောက်ခံ ပြုပြင်ထုတ်လုပ်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့ ဒေသခံ တပ်ခန်းမဆောင်၌ မြိတ်မြို့ရှိ အအေးခန်းစက်ရုံလုပ်ငန်းရှင်များအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ပုလောမြို့ အမှတ်(၁)ရပ်ကွက် မီးဘေးသင့် အိမ်ထောင်စုများအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ လှူဒါန်းသည့် အဝတ်အထည်၊ အသုံးအဆောင် ပစ္စည်းများကို ပေးအပ်စဉ်။

(မွေး/ရေ)

အမ်းမြို့နယ်အသင်း (ရန်ကုန်) အစည်းအဝေး

ရန်ကုန် မတ် ၁၁

အမ်းမြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၀၆-၂၀၀၇ ခုနှစ်၊ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အသင်းတည်ရှိရာ အောင်မြေရာပရိယတ္တိစာသင်တိုက်၊ မေခအိမ်ရာဝင်း၊ မေခလမ်းသွယ် (၂)၊ (ဆ/ခ) ရပ်ကွက်၊ သဃင်္န်းကျွန်းမြို့နယ်တွင် မတ် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များနှင့် အမ်းမြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက် (၇၅)နှစ်အထက် အဘိုး၊ အဘွားများ အမည်စာရင်းနှင့် ပညာရည်ချွန်ဆုအတွက် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးနှင့်အောင်မြင်သူ အသင်းဝင်များ၏ သား၊ သမီးများ၊ အသင်းဝင်များ၏ အိမ်ထောင်စုစာရင်း ဝင်မြေများ၏ အမည်စာရင်းကို အထောက်အထားများနှင့်တကွ ဥက္ကဋ္ဌ ဦးအုန်းကျော် ဖုန်း-၅၈၆၅၉၈၊ ဦးအောင်ဝင်း အသင်းနာယက ဖုန်း-၇၂၂၅၀၁ နှင့် ဦးကြည်တင် ဒုဥက္ကဋ္ဌ ဖုန်း-၅၇၂၅၇၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ဦးကျော်ထွတ် (မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဒေါ်သိန်းကြွေတို့အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ၄၉ လမ်းနေ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး (တိပိဋကစာဖြေဆရာတော်များ အခန်းတစ်ခန်း)အတွက် အလှူငွေကျပ် သိန်း ၂၀ ကို ရွှေရတုတိပိဋကဓရဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပုလောမြို့နယ်အသင်း (ရန်ကုန်) ဂုဏ်ဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်-၁/၂၀၀၈ဖြင့် သာသနာတော်ဆိုင်ရာ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ပုလောမြို့ အရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယာမအား ပုလောမြို့နယ်အသင်း (ရန်ကုန်)မှ မတ် ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အသင်းတိုက်၌ ချီးကျူးပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ မြို့နယ်သူ/သား၊ အသင်းသူ/သားများ တက်ရောက်ပူဇော်ကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုသူများသည် ဦးမောင်လှ (ဥက္ကဋ္ဌ) ဖုန်း-၅၁၄၉၆၉၊ ဦးဘမြင့် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၃၇၈၆၃၇၊ ၆၉၉၄၄၇၊ ဦးကြီးညွန့်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၂၉၆၉၆၂၊ ဦးကျော် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၃၈၇၀၈၄၊ ဦးမောင်အုံး (အတွင်းရေးမှူး) ဖုန်း-၂၂၈၀၃၃၊ ဦးချစ်ထွေး (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၇၀၆၁၇၇ နှင့် အသင်းအုပ်ချုပ်ရေးမှူး ဦးကျော်သူ ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ဘိုးဘွားရိပ်သာဝင်းအတွင်း စိုက်ပျိုးထားရှိသော ဗောဓိပင်ကြီးအား ပလ္လင်တော်ပြုလုပ်နိုင်ရေးအတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈) ရပ်ကွက်နေ ဦးလှမြင့်-ဒေါ်သန်းရွှေ မိသားစုတို့က အလှူငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းရာ ခရမ်းမြို့နယ် ဘိုးဘွားရိပ်သာအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဒုဥက္ကဋ္ဌ ဦးသိန်းရွှေတို့ လက်ခံယူစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းရိပ်မြုံဆရာတော်ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

နိုင်ငံတော်မှ ၁/၂၀၀၈ ဖြင့် “မဟာဂန္ထဝါစကပဏ္ဍိတ” ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံရသော မွန်ပြည်နယ် ဘီးလင်းမြို့ ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယသင်တန်းကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒအား ဂုဏ်ပြုပူဇော်ပွဲကို (၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်) မတ် ၂၇ ရက် (ကြာသပတေးနေ့)တွင် ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယသင်တန်းကျောင်းအတွင်း၌ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးနေ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်း လာရောက်ပူဇော်နိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၇-၆၄၀၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ၆ ရပ်ကွက် ၄၄ လမ်းနေ ဒုတိယဗိုလ်မှူးကြီး သိန်းစိုးအောင်နှင့် ဇနီး ဒေါ်တင်ရီတို့က မတ် ၃၁ ရက်တွင် ကျရောက်မည့် (၃၃) နှစ်မြောက် မင်္ဂလာအထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော်မြတ်သို့ ရွှေပါးလွှာ ၁၂ ပဲသား တစ်ချပ်အတွက် အလှူငွေကျပ် ၄၇၇၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမင်းထွန်း လက်ခံယူစဉ်။ (က-ပ)

★ **ရှေ့ဖုံးမှအဆက်**

ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ်၁၄၆၄၉၂၀၀နှင့် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၁၂၈၅၅၂၈ကို လက်ခံသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အလှူရှင်များလှူဒါန်းသည့် ခွဲစိတ်ခန်းသုံးပစ္စည်းများ ဝယ်ယူရန် ငွေကျပ် ၉၄၂၀၀၀၀၊ ဆေးရုံသုံးပစ္စည်းများ ဝယ်ယူရန် ငွေကျပ် ၄၅၆၀၀၃၄နှင့် အောက်စီဂျင်စက်အတွက် ငွေကျပ် ၂၁၅၀၀၀၀ တို့ကို လက်ခံသည်။

ထို့နောက် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အလှူရှင်များလှူဒါန်းသည့် ECGစက်အတွက် ငွေကျပ် ၁၉၅၀၀၀၀နှင့် ဆေးရုံသုံး ပရိဘောဂများ ဝယ်ယူရန်အတွက် ငွေကျပ် ၅၀၅၀၀၀၀တို့ကို လက်ခံသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများသည် တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဟုမ္မလင်းမြို့နယ် ပြည်သူ့ဆေးရုံမှာ ယခင်က ၂၅ခုတင်ဆံ့ဆေးရုံဖြစ်၍ ယခုအခါ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် နိုင်ငံတော်က ငွေကျပ်သိန်းပေါင်း ၈၂၈၉သိန်း အကုန်အကျခံ တည်ဆောက် ပေးလိုက်သည့်အတွက် ဟုမ္မလင်းမြို့နယ်နှင့် အနီးတစ်ဝိုက်မြို့နယ်များရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်တိုးမြှင့်ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်သည်။

ဟုမ္မလင်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွက်ဆေးပဒေသာပင် ရန်ပုံငွေကျပ် ၁၆၉ သိန်းကျော်၊ တိုက်နယ်ဆေးရုံ သုံးရုံအတွက် ဆေးပဒေသာပင် ငွေကျပ် ၂၅ သိန်းကျော်စီ၊ ကျေးလက် ကျန်းမာရေးဌာနတစ်ခုအတွက် ငွေကျပ် ငါးသိန်း ထူထောင်ထားပြီးဖြစ်သည်။ ဆေးရုံအတွက်လိုအပ်နေသည့် ပရိဘောဂများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများနှင့် ရောဂါရှာဖွေရေးသုံး ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၃၁သိန်း လှူဒါန်းရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် လယ်ဝေး ပြည်ဝင်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား
မီးဘေးသင့်သူများအား ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီပေးလျက်ရှိ

နေပြည်တော် မတ် ၁၁

နေပြည်တော်လယ်ဝေး ပြည်ဝင်ကျေးရွာရှိ ဦးသန်းဌေး၏ နေအိမ်မှတစ်ဆင့် မတ် ၁၀ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားလျှင်ဖြစ်ပွားချင်း မီးလောင်မှုဖြစ်ပွားရာနေရာသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တာဝန်ရှိသူများရောက်ရှိကြပြီး မီးသတ်ယာဉ် ၁၂ စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြရာ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မီးညွန့်ကျိုးသွားခဲ့ကာ ညနေ ၅ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ပြည်ဝင်ကျေးရွာမှ နေအိမ် ၄၃ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးသင့်သူများအား ပြည်တော်ဝင်ဘုန်းကြီးကျောင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ လိုအပ်သည်များ ဖြည့်ဆည်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲဖြူတောရ
ဓမ္မရိပ်သာတရားစခန်း

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရ ဓမ္မရိပ်သာတွင် မတ် ၁၄ရက်မှ ၂၄ရက်အထိ တရားစခန်းကျင်းပမည်ဖြစ်ရာ ယောဂီများ ဖုန်း–၆၆၇၇၁၆၊ ၆၆၂၈၃၆ နှင့် ၆၆၆၁၆၃တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ ရန်ကုန်မြို့မှ ယောဂီများ စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ မတ် ၁၄ ရက် မွန်းလွဲ ၁နာရီခွဲအရောက် လာကြရန်နှိုးဆော်ထားသည်။(က–ပ)

ကံ့ကော်မြိုင်
တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၁

သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက်တွင် နှစ်စဉ် ကျင်းပမြဲအတိုင်း သင်္ကြန်တွင်း (၁၀)ရက်တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိ ဖွင့်လှစ်၍ ဧပြီ ၆ရက် နောက်ဆုံးထား စာရင်းပေးသွင်းရန်နှင့် ဧပြီ ၇ ရက် ညနေ ၄နာရီအရောက် တရားစခန်းဝင်ရောက် ကြရန် ပစ္စည်းလေးပါး ထောက်ပံ့ရေး ဝေယျာဝစ္စအဖွဲ့မှ နှိုးဆော်ထားသည်ဟု သိရသည်။

(၂၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂–၃–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"လောကဆုံးတာနိဗ္ဗာန်ပဲ"တရားတော် (ချမ်းမြေ့သာဆရာတော် အရှင်ဝိဇေယျ)
၈း၀၀–၂း၀၀	Industrial Talk [ဦးထွန်းကြိုင်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၃၀–၂း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၀–၃း၀၀	အတ္ထရုံမြစ်ကမ်းနံဘေးကျွဲကောစိုက်တဲ့ရွာကလေး
၉း၁၀–၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀–၃း၂၀	Midweek Sports News
၉း၃၅–၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀–၃း၄၀	ဂုဏ်ယူဖွယ်ရာမြန်မာ့လက်မှုပန်းပုပညာ
၉း၅၀–၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅–၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀–၄း၀၀	အာရှဘိလိယက်ပြိုင်ပွဲနှင့် U-21 စနူကာပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲ
၁၀း၂၀–၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅–၄း၂၅	အရည်အသွေးထူးခြား DAEWOO လျှပ်စစ်ပစ္စည်းများ
၁၀း၅၀–၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅–၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅–၅း၀၅	ကလေးတို့အတွက်လက်ဆောင် (လင်းနို့ရုပ်နှင့် ကြယ်ပုံစံသေတ္တာကလေးခေါက်ကြရအောင်)
၁၁း၃၀–၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅–၅း၃၅	အိမ်မွေးတိရစ္ဆာန်ပြပွဲ၊ပြိုင်ပွဲ
၁၁း၅၀–၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅–၅၅	Yangon Panorama (အေးသာယာဝိုင်နှင့် ပြင်သစ်အစားအစာမိတ်ဆက်ခြင်း)
၁၂း၁၀–၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅–၆း၁၅	**အေးမြသောလေညင်းလေးများ (မေတ္တာ၊စိုးမိုးကြည်၊ဇေယျ၊ဇူးဇူးမောင်) [ဒါရိုက်တာ အောင်မိုး(ပဲရစ်)]**
၁၂း၃၀–၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅–၆း၃၅	International Video Topics (တားမြစ်ကန့်သတ်ထားသောမြို့တော်)
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Portsmouth-Birmingham	ESPN(Live)
၂း၂၄	Chelsea-Derby	Star Sports(Live)
၄း၃၀	Aston Villa-Middlesbrough	ESPN(SDD)

လှိုင်သာယာမြို့နယ် ရွေဥက္ကံရွာ မီးဘေးသင့်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည်ယနေ့ နံနက် ၇ နာရီခွဲတွင် လှိုင်သာယာမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှိုင်သာယာမြို့နယ် ရွေဥက္ကံကျေးရွာမှ မီးဘေးသင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၆၃၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က လက်ခံသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် မီးဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီးကျောင်းဝင်းအတွင်းရှိ မီးဘေးကယ်ဆယ်ရေးစခန်းအားကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မီးဘေးသင့်ပြည်သူများအား ဖေဖော်ဝါရီ ၂၆ ရက်က ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆန်အိတ် ၅၀၊ ဆီပိဿာ ၅၀ နှင့် စေတနာရှင်များက စုစုပေါင်း ငွေကျပ် ၃၅ သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ပြည်သူများအား ကျန်းမာရေးအခမဲ့ ကုသစောင့်ရှောက်မှု တိုးချဲ့ဆောင်ရွက်ပေးရေးအတွက် လှိုင်သာယာမြို့နယ် အမှတ်(၁၈)ရပ်ကွက်ရှိ ဗိုလ်အောင်ကျော်လမ်းနှင့် ကျောင်းလမ်းထောင့်၌ အလျား ၅၆ ပေနှင့် အနံပေ ၂၀ ရှိ Steel Structure အမျိုးအစား နှစ်ထပ်အဆောက် အအုံ ဖြိုးစေတနာဆေးကုခန်း တည်ဆောက်နေမှုကိုလည်းကောင်း၊ ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှတ်(၁၈) ရပ်ကွက်မှ လမ်းအရှည် ၃၀၅ပေနှင့် အကျယ် ၁၂ ပေရှိ ရွှေရင်အေးဘုရားလမ်းအား ကျောက်ချောကတ္တရာခင်းကျင်းနေမှုတွင် လမ်းအရှည် ပေ ၃၀၀၀ အချောသပ် ခင်းကျင်းပြီးစီးမှုနှင့် မိုးရာသီကာလ၌ ရေစီးရေလာကောင်းမွန်စေရန် အရှည်ပေ ၂၀နှင့် အကျယ် သုံးပေရှိ လမ်းဖြတ်မြေအောက်ရေနုတ်မြောင်းများ (Box Culvert) ပြုလုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

(၁၉)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှိုင်သာယာမြို့နယ် ရွေဥက္ကံကျေးရွာ မီးဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။ (၁၉)

အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်ရှိ မြန်မာအရှေ့တိုင်းစွမ်းအားငါးအအေးခန်းစက်ရုံ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ဟောပြောပွဲကို မတ် ၁၀ရက်က ကျင်းပရာ စက်ရုံမန်နေဂျာ ဦးတင်ဇော်မြင့်နှင့် ဝန်ထမ်းများအား ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြစဉ်။ (၆၁)

မီးဘေးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် စက်မှုဇုန်ရှိ စိန်ဒိုင်းမွန်း သဘော်ဆေးစက်ရုံခန်းမ၌ ကျင်းပရာ မြို့နယ် မီးသတ်စခန်းမှူး ဦးကိုကိုကြီး မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများကို စက်ရုံဝန်ထမ်းများအား ရှင်းလင်းဟောပြောစဉ်။

(မြို့နယ်ပြန်/ဆက်)

မီးသုံးခဲ့လျှင် အသိဟျဉ်
အစဉ်သတိ အမြဲရှိ
လျှပ်စစ်သုံးလျှင် သတိဟျဉ်
ဝန်အားမမျှ မသုံးရ

ဗြိတိန်နိုင်ငံ ဝေလနယ်တောင်ပိုင်း ပို့စ်ကောလ်ကမ်းခြေတွင် အတ္တလန္တိတ်သမုဒ္ဒရာမှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းများတက်လာသည်ကို မတ် ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်အနောက်တောင်ပိုင်း၌ လေပြင်းမုန်တိုင်းတိုက်ခတ် သစ်ပင်များပြိုလဲ၊ လမ်းများပိတ်ကာ လျှပ်စစ်မီးပြတ်တောက်

လန်ဒန် မတ် ၁၁

အတ္တလန္တိတ်ဒေသမှ တစ်ဟုန်ထိုးတိုက်ခတ်လာသည့် လေပြင်းမုန်တိုင်းသည် အင်္ဂလန်ကျွန်းအနောက်တောင်ပိုင်းသို့ရောက်ရှိလာပြီး ကမ်းခြေတစ်လျှောက် လေပြင်းမုန်တိုင်းနှင့်အတူ ဒီရေလှိုင်းလုံးများတက်လာသဖြင့် ရေလွှမ်းမှုဖြစ်ပွားမည့် အန္တရာယ်ရှိနေကြောင်း ရိုက်တာသတင်းအရ သိရသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ ပြိုလဲ၊ အဆောက်အအုံများ အမိုးလန်၊ လျှပ်စစ်ဓာတ်အားပေးကြိုးများ ပျက်စီးကာ ဝေလဒေသ၏ အချို့နေရာများတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သည်။

သဘာဝပတ်ဝန်းကျင်ဌာနက ကော်နစ်နှင့် ဒီဗွန်ကမ်းရိုးတန်းဒေသတစ်ဝိုက် ရေလွှမ်းမှုအကြီးအကျယ်ဖြစ်ပွားနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားပြီး ဒေသခံလူများအနေဖြင့် အရေးပေါ် ရေလွှမ်းမှုသတင်းထုတ်ပြန်ချက်ကို အလေးထားပြီး ရေဒီယိုနားထောင်ကြရန် အကြံပေးထားသည်။

တစ်နာရီလျှင် မိုင် ၈၀ အထိ တိုက်ခတ်နိုင်ပြီး ဗုဒ္ဓဟူးနေ့အထိ လေပြင်းတိုက်ခတ်မည့် အန္တရာယ်ရှိနေသည်။

တိုက်တွန်းထား

အင်္ဂလန်တောင်ပိုင်း၌ ရထားခရီးစဉ်များတွင် အန္တရာယ်ကာကွယ်သည့် အနေဖြင့် ရထားအရှိန်လျှော့မောင်းရန် တိုက်တွန်းထားသည်။

နှိုးဆော်ထား

လေယာဉ်ဖြင့်ခရီးသွားမည့် ပြည်သူများအနေဖြင့် ရာသီဥတု ဆိုးရွားမှုကြောင့် ခရီးစဉ်အသွားအလာ နှောင့်နှေးနိုင်ကြောင်း လေဆိပ်အာဏာပိုင်များက သတိပေးထားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်၌ ညွန့်ပေါင်းအစိုးရဖွဲ့မည်

အစ္စလာမ္မာဘတ် မတ် ၁၀

ပါကစ္စတန် ပြည်သူ့ပါတီ (ပီပီပီ)မှ ခေါင်းဆောင်နှင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်ထိပ်တန်း နိုင်ငံရေးပါတီနှစ်ခု၏ ခေါင်းဆောင်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပါကစ္စတန် မူဆလင်လိဒ်-အန် (ပီအမ်အယ်လ်-အန်) ပါတီခေါင်းဆောင် နာဝပ်ရှရစ်ဖ်က ပီပီပီပါတီ ပူးတွဲဥက္ကဋ္ဌ အဇစ်အလီဇာဒါရီနှင့် ပါကစ္စတန်အရှေ့ပိုင်း မာရီးမြို့တွင် တွေ့ဆုံဆွေးနွေးပြီးနောက် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဖေဖော်ဝါရီ ၁၈ရက်နေ့က ဒီမိုကရက်တစ် အင်အားစုများကို ပြည်သူလူထုက အခွင့်အာဏာ အပ်နှင်းခဲ့ပြီဖြစ်၍ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ယနေ့တွေ့ဆုံဆွေးနွေးပွဲမှာအောင်မြင်ကြောင်း၊ သမိုင်းမှတ်တမ်း ရေးထိုးရမှာဖြစ်ကြောင်း၊ ဘနာဇီယာဘူတို၏ ဆန္ဒဖြစ်ကြောင်း ကွယ်လွန်သူဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို၏ ခင်ပွန်း ဇာဒါရီကရှရစ်ဖ်နှင့် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရှာရစ်ဖ်နှင့် ဇာဒါရီတို့သည် တွေ့ဆုံဆွေးနွေးပွဲအပြီး ပူးတွဲထုတ်ပြန်သော ကြေညာချက်တွင် ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ်က အရေးပေါ်အခြေအနေကြေညာစဉ် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၃ ရက်က ရာထူးမှ ထုတ်ပစ်ခဲ့သော ဗဟိုတရားရုံး တရားသူကြီးများ၊ အထူးသဖြင့် တရားသူကြီးချုပ် အစ်ဖ်တီကာ ချောက်ဒရီကိုရာထူးများ ပြန်လည်ခန့်အပ်ရန် ၎င်းတို့ သဘောတူညီကြကြောင်း ဖော်ပြထားသည်။

ထို့အပြင် ရာထူးမှ ထုတ်ပယ်ခံထားရသော တရားသူကြီးများကို ပါလီမန်ဆုံးဖြတ်ချက်ဖြင့် ရက်ပေါင်း၃၀အတွင်း ရာထူးများ ပြန်လည်ပေးမည်ဟု ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စွမ်းအင်ကဏ္ဍတွင် တူရကီနှင့် အီရတ် ပူးပေါင်းဆောင်ရွက်လိုဟု ပြောကြား

အန်ကာရာ မတ် ၁၀

အီရတ်နိုင်ငံက တူရကီနိုင်ငံနှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ဆန္ဒရှိကြောင်း တူရကီသို့ အလည်အပတ် ရောက်ရှိနေသူ အီရတ်ရေနံဝန်ကြီး အယ်လ်-ရှာရစ္စတန်နီက စနေနေ့တွင် ပြောကြားသည်။

၎င်းသည် တူရကီသို့ ဆွေးနွေးမှုများပြုလုပ်ရန် ရောက်ရှိနေခြင်းဖြစ်သည်။ ၎င်း၏တာဝန်ရှိပုဂ္ဂိုလ်က တူရကီ စွမ်းအင်နှင့်သဘာဝအရင်းအမြစ် ဝန်ကြီးဟီလ်မီဂူလာနှင့် ဆွေးနွေးပြီးသည့်နောက် အန်ကာရာမြို့တွင် ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အီရတ်က တူရကီသို့ ဓာတ်ငွေ့ဖြည့်ဆည်းပေးလိုပြီး တူရကီကို ကြားခံနေ အဖြစ် သဘောထားကြောင်း ရှာရစ္စတန်က ပြောကြားသည်။

အီရတ်မှ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တူရကီသို့ပို့ပေးမည့် စီမံကိန်းများကိုလည်း ဂူလာက ရှာရစ္စတန်နှင့် တွေ့ဆုံစဉ် ထည့်သွင်းဆွေးနွေးခဲ့သည်။

အဆိုပါစီမံကိန်းများကို တူရကီ ရေနံကော်ပိုရေးရှင်းနှင့် တူရကီနိုင်ငံတကာ ရေနံကုမ္ပဏီတို့က ဆောင်ရွက်မည်ဖြစ်ပြီး ရေနံပိုက်လိုင်း သွယ်တန်းမည့်ကိစ္စကို အီရတ်မှတာဝန်ရှိ ပုဂ္ဂိုလ်များနှင့်ဆွေးနွေးကာ ဆုံးဖြတ်သွားမည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်၌ယာဉ်တိုက်မှုဖြစ် ခြောက်ဦးသေဆုံး

လန်ဒန် မတ် ၁၀

ဗြိတိန်နိုင်ငံအလယ်ပိုင်း ကော့စ်ဝေါလ်ဒေသတွင် ယာဉ်တိုက်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးကြောင်း ဗြိတိန်ရဲတပ်ဖွဲ့က မတ် ၈ ရက်တွင် ပြောကြားသည်။

မိုရီတွန်အင်မာချ်နှင့် စတိုအွန်သည် ဝိုလ်ဒ်အရပ်အကြားတွင် မတ် ၇ ရက်ညက ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦးနှင့် ၁၅ နှစ်အရွယ် မိန်းကလေးတစ်ဦးတို့ အခင်းဖြစ်ရာနေရာ၌ သေဆုံးခဲ့သည်။ ထိုယာဉ်တိုက်မှုကြောင့် မတ် ၈ ရက်အစောပိုင်းတွင် ဆေးရုံ၌ အမျိုးသမီးတစ်ဦး ထပ်မံသေဆုံးခဲ့သည်။ ဆေးရုံ၌ တင်ထားသည့် ကလေးနှစ်ဦးနှင့် လူလတ်ပိုင်းတစ်ဦးတို့၏ အခြေအနေမှာစိုးရိမ်ဖွယ်ရာရှိကြောင်း သတင်းကဖော်ပြသည်။ ယာဉ်တိုက်မှုဖြစ်ရသည့်အကြောင်းရင်းကိုရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိသည်။မျက်မြင်တွေ့ရှိသူ သို့မဟုတ် အခင်းဖြစ်ပွားရာနေရာမှ ဖြတ်သန်းမောင်းနှင်သွားသော ယာဉ်မောင်းများအနေဖြင့် သတင်း ပေးပို့ကြရန် ဂလောဆက်စတာရှိုင်းယားရဲစခန်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ဒီယားလားတွင် ဗုံးခွဲတိုက်ခိုက် လေးဦးသေဆုံး

ဘဂ္ဂဒက် မတ် ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ဒီယားလားပြည်နယ်ရှိ လူမျိုးစုခေါင်းဆောင်တစ်ဦးကို မတ် ၁၀ ရက်က အသေခံအမျိုးသမီး ဗုံးခွဲသမားက တိုက်ခိုက်ရာ ထိုပုဂ္ဂိုလ်နှင့် အခြားသုံးဦးတို့ သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းများက ဖော်ပြသည်။

သေဆုံးသွားသူ ခေါင်းဆောင်မှာ ရှိတ်ဂါဘန် အယ်လ်ခါကီဆိုသူ ဖြစ်သည်။ ၎င်းသည် ခါကီရာမျိုးစု၏ ခေါင်းဆောင်ဖြစ်သည်။ ဗုံးခွဲသူအမျိုးသမီးက လူမျိုးစုခေါင်းဆောင်နှင့် တွေ့ဆုံလိုကြောင်း ပြောကြားသည့် ခေါင်းဆောင်နှင့် လူသုံးဦး ထွက်လာစဉ် ဗုံးဖောက်ခွဲလိုက်ကြောင်း သိရသည်။

ဒီယားလားပြည်နယ်တွင် ယခုအခါ အယ်လ်ခိုင်ဒါများက အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို အသုံးပြု၍ ဗုံးခွဲတိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိကြောင်း တွေ့ရသည်ဟု သက်ဆိုင်ရာများက ပြောကြားသည်။ ဒီယားလားပြည်နယ်သည် ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းမှ အီရန်နယ်စပ်ရောက်သည့်တိုင်အောင် ကျယ်ပြန့်သည်။ ထိုဒေသသည် အယ်လ်ခိုင်ဒါများ အင်အားကောင်းသည့် ဒေသတစ်ခုဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ အက်ဒမ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ဘတန်ကျွန်း လေယာဉ်ကွင်း၌ ပြေးလမ်းချော်သွားသည်ကို မတ် ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ ဘိန်းဖြူဓာတ်ခွဲခန်းခြောက်ခန်းဖျက်ဆီး

ကဘူး မတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂါမာပြည်နယ်တွင် လွန်ခဲ့သော ရက်သတ္တပတ်က ဘိန်းဖြူဓာတ်ခွဲခန်းခြောက်ခန်းကို ရှာဖွေတွေ့ရှိပြီး ဖျက်ဆီးပစ်လိုက်ကြောင်း တနင်္ဂနွေနေ့က ရဲတပ်ဖွဲ့မှ ထုတ်ပြန်သည်။ အဆိုပါပြည်နယ်ရှိ တရားမဝင် ဓာတ်ခွဲခန်းများကို ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့များက ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ထပ်မံဖော်ပြထားသည်။

သို့သော် ဖမ်းမိသူ ရှိမရှိ သတင်း၌ ဖော်ပြမထားပေ။ အာဖဂန်အစိုးရသည် တရားမဝင် မူးယစ်ဆေးဝါးများကို လူ့အဖွဲ့အစည်းအတွင်းမှ လုံးဝပပျောက်သွားစေရန် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။

နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(အိုင်အင်န်စီဘီ)၏ နောက်ဆုံးအစီရင်ခံစာတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ တရားမဝင် ဘိန်းစိုက်ပျိုးခြင်းသည် ၂၀၀၇ ခုနှစ်တွင် ၁၇ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်ဟုဆိုသည်။

အာဖဂန်နစ္စတန်တွင် ဘိန်းစိုက်ပျိုးသော မြေအကျယ်အဝန်း ဟက်တာ ၁၉၃၀၀၀ မှ ဘိန်းတန်ချိန် ၈၂၀၀ ထွက်ရှိမည်ဟု ခန့်မှန်းသည်။ ကမ္ဘာတွင် ရောင်းချနေသော ဘိန်းပါဝင်သည့် မူးယစ်ဆေးဝါးမှောင်ခိုဈေးကွက်၌ အာဖဂန်နစ္စတန်နိုင်ငံမှ ထုတ်လုပ်သောမူးယစ်ပစ္စည်းမှာ ၉၃ ရာခိုင်နှုန်း ပါဝင်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

လေယာဉ်ပျက်ကျရန် ကြိုးပမ်းသူအချို့အား ဝိုင်းဝန်းဖမ်းဆီး

ပေကျင်း မတ် ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်မြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စင်းကျန်ဝိုင်ဂါဒေသ၏ မြို့တော်ယန်ကေးမြို့မှ နံနက် ၁၀ နာရီ ၃၅မိနစ်တွင် ပေကျင်းမြို့သို့ ပျံသန်းလာသည့် တရုတ်တောင်ပိုင်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းပေါ်၌ အကြမ်းဖက်သမားဟု ယူဆရသူအချို့က လေယာဉ်ပျက်ကျရန် ကြိုးပမ်းမှုကြောင့် လေယာဉ်ပေါ်လိုက်ပါသူတချို့ကဝိုင်းဝန်းဟန့်တားကာ လောင်ဇူမြို့သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း စင်းကျန်ပြည်နယ်ဥက္ကဋ္ဌက ပြောကြားသည်။

လေယာဉ်ပေါ်၌ လိုက်ပါလာသော ရဲတပ်ဖွဲ့ဝင်များ၊ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းတို့က တိုက်ခိုက်သူများကို အချိန်မီတားဆီးနိုင်သောကြောင့် အန္တရာယ်ကင်းရှင်းခဲ့ကြောင်း ပြည်နယ်ဥက္ကဋ္ဌက သတင်းထောက်များအား ပြောကြားသည်။ လေယာဉ်သည် ပေကျင်းမြို့သို့ စနေနေ့နံနက်တွင် ဆိုက်ရောက်ခဲ့သည်။လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကို ဆင်ဟွာသတင်းဌာနက တယ်လီဖုန်းဖြင့် မေးမြန်းရာတွင် ယင်းအကြမ်းဖက် တိုက်ခိုက်မှုဖြစ်ပွားခြင်းကို အတည်ပြုပြောဆိုခြင်းမရှိပေ။

လေယာဉ်အမှုထမ်းနှင့် လေယာဉ်ရဲတပ်ဖွဲ့ဝင်များက လေကြောင်းထိန်းသိမ်းရေးမှူးချော်စင်သို့ ထိုအဖြစ်အပျက်ကို အကြောင်းကြားရာ လေကြောင်းအရာရှိတို့၏ ညွှန်ကြားချက်ကြောင့် လောင်ဇူမြို့၌ ဆင်းခဲ့ရခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ လေကြောင်းအရာရှိတစ်ဦးက ပြောသည်။

ထိုအကြမ်းအဖက်သမားဟု သံသယရှိသူများကို လောင်ဇူမြို့တွင် ထိန်းသိမ်း ထားကြောင်း စင်းကျန်ပြည်နယ်အစိုးရအရာရှိ တစ်ဦးကပြောသည်။ ထိန်းသိမ်းထားသူ အရေအတွက်ကိုမူ ပြောကြားခြင်းမရှိပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆီ နိတ် တာ ဘာရက် အိုဘား မားအား ၎င်းအား ထောက်ခံသူ ပရိသတ်များနှင့် အတူ မစ္စစ္စပီ ပြည်နယ်ကို လံ ဘတ်စ် မြို့၌ တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဟီလာရီကလင်တန်၏ ဒုတိယသမ္မတအဖြစ် ရွေးကောက်ပွဲဝင်မည်မဟုတ်ဟု အိုဘားမားပြောကြား

ဝါရှင်တန် မတ် ၁၀

အမေရိကန်နိုင်ငံ၏ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းရွေးပွဲတွင် နောက်ဆုံးကျန်ရစ်သူ ပြိုင်ဘက်နှစ်ဦးမှာ ဘာရက်အိုဘားမားနှင့် ဟီလာရီကလင်တန်တို့ဖြစ်သည်။ အိုဘားမားအနေဖြင့် ဟီလာရီကလင်တန်၏ ဒုတိယသမ္မတလောင်းအဖြစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက လက်ခံမည်ဖြစ်ကြောင်း ကလင်တန်ဘက်မှ လေသံပစ်လာသည်ကို အိုဘားမားက ခပ်ပြတ်ပြတ်ပင် ငြင်းဆိုလိုက်သည်။

မစ္စစ္စပီပြည်နယ် ကိုလံဘတ်စ်မြို့တွင် ပြုလုပ်သော လူထုစည်းဝေးပွဲတွင် အိုဘားမားက ဒုတိယသမ္မတအဖြစ် ဟီလာရီကလင်တန်နှင့်တွဲ၍ သမ္မတရွေးပွဲဝင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါကမ်းလှမ်းချက်ကို သမ္မတဟောင်း ဘီလ်ကလင်တန်နှင့် ဟီလာရီကလင်တန်တို့က လေသံပစ်၍ တီးခေါက်ကြည့်ကြခြင်းဖြစ်သည်။

ဆီနိတ်တာ ကလင်တန်သည် အလျှော့မပေးစတမ်း ယှဉ်ပြိုင်သူတစ်ဦးဖြစ်ကြောင်း၊ ယင်းစိတ်ဓာတ်မျိုးကို မိမိအနေဖြင့် လေးစားပါကြောင်း၊ သို့သော် မိမိအနေဖြင့် ပြည်သူများကို ရှင်းရှင်းလင်းလင်း အသိပေးလိုကြောင်း၊ မိမိယှဉ်ပြိုင်နေသည်မှာ ဒုတိယသမ္မတနေရာအတွက် ယှဉ်ပြိုင်နေခြင်းမဟုတ်ဘဲ အမေရိကန်သမ္မတ ရာထူးနေရာအတွက်သာ ယှဉ်ပြိုင်နေခြင်းဖြစ်သည်ကို အများသိစေချင်ကြောင်းဖြင့် အိုဘားမားက ပြောကြားသည်။

မိမိအနိုင်ရရှိသည့် ပြည်နယ်မှာ ကလင်တန်ထက် နှစ်ဆပိုကြောင်း လူထုလိုလား ထောက်ခံမှုလည်း ပိုရသည့်အပြင် ပါတီကိုယ်စားလှယ်မဲလည်း ပိုရထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသွားသည်။

အင်တာနက်။

အီရတ်နှင့် အာဖဂန်နစ္စတန်တွင် ဗြိတိန် စစ်စရိတ်တိုးမြင့်လာမည်

လန်ဒန် မတ် ၁၁

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတွင် ဗြိတိန်နိုင်ငံ၏ စစ်ရေးအသုံးစရိတ်သည် ယခုနှစ်တွင် ပေါင် သန်းပေါင်း သုံးထောင်ကျော်လွန်မည်ဟု သုံးသပ်ထားကြောင်း လွှတ်တော်ကော်မတီက တနင်္လာနေ့တွင် ပြောကြားသည်။

ဗြိတိသျှအစိုးရ၏ လက်ရှိဘဏ္ဍာရေးနှစ်တွင် အီရတ်နှင့်အာဖဂန်နစ္စတန် စစ်ရေးအသုံးစရိတ်သည် ယမန်နှစ်ကထက် ၉၄ ရာခိုင်နှုန်းတိုး၍ စတာလင်ပေါင် သန်းပေါင်း ၃၂၉၀ ရှိမည်ဟု မျှော်လင့်ထားကြောင်း ပါလီမန်ကာကွယ်ရေးဆိုင်ရာ ကော်မတီတစ်ရပ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်တွင် ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း ၄၈ရာခိုင်နှုန်းတိုးလာပြီး စတာလင်ပေါင်သန်းပေါင်း ၁၄၂၀ ထိ ရှိလာလိမ့်မည်ဟု သုံးသပ်ထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဗြိတိသျှတပ်ဖွဲ့များ တိုးမြှင့်ချထားပြီး စစ်ဆင်ရေးအရှိန်မြှင့် တင်ခြင်းကြောင့် စစ်ရေးစရိတ် ထိုသို့မြင့်တက်လာခြင်းသည် အံ့အားသင့်စရာမဟုတ်ကြောင်း အစီရင်ခံစာတွင် ဆက်လက်ရေးသားထားသည်။

သို့သော် အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့အင်အား လျှော့ချခဲ့သော်လည်း စစ်စရိတ်သည် ၅၂ရာခိုင်နှုန်းမြင့် တက်လာခြင်းကမူ ထူးခြား၍ အံ့အားသင့်စရာကောင်းသည်ဟု အစီရင်ခံစာက ဆက်လက်ဖော်ပြထားသည်။

အီရတ်စစ်စရိတ်တွင် တိုးလာသော မတည်အသုံးစရိတ်များကို စိစစ်ခွဲခြားရန်နှင့် မည်သည့်အချိန်တွင် ယင်းအသုံးစရိတ်များလျှော့ကျမည်ကို ရှင်းလင်းတင်ပြရန် ကာကွယ်ရေးဝန်ကြီးဌာနအား ထိုအစီရင်ခံစာက တောင်းဆိုထားသည်။

သို့သော် ပါလီမန်သည် အီရတ်နှင့်အာဖဂန်နစ္စတန် ထပ်ဆောင်းစရိတ်များကို အတည်ပြုသင့်ကြောင်း အစီရင်ခံစာက ထောက်ခံချက်ပေးထားသည်။ အစိုးရအဖွဲ့ကလည်း ထိုငွေများကို မည်သည့်နေရာမှာ သုံးစွဲနေကြောင်း ရှင်းလင်းစွာတင်ပြရန် အရေးကြီးကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ပေကျင်း –တိဘက် ဇိမ်ခံရထားခရီးစဉ် စက်တင်ဘာလတွင် စတင်ပြေးဆွဲမည်

ပေကျင်း မတ် ၁၁

တရုတ်နိုင်ငံ၏ ပေကျင်းမှ အနောက်တောင်ပိုင်းဒေသရှိ တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ဇိမ်ခံခရီးသည်ရထားပြေးဆွဲမှုကို စက်တင်ဘာ ၁ရက်တွင် စတင်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ ရထား၏အတွင်းပိုင်းကို ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်အဆင့်အတန်းမျိုးဖြင့် အလှအပ တန်ဆာဆင်ထားမည်ဖြစ်ပြီး ဇိမ်ဖြင့်စီးနင်းနိုင်သည့် ရထားဖြစ်စေရန် ဝန်ဆောင်မှုပေးထားသည်ဟု ကျင်ဟိုင်း–တိဘက်ကော်ပိုရေးရှင်း (ကျူတီအာစီ) ၏ အထွေထွေမန်နေဂျာက ပြောကြားသည်။

အဆိုပါရထားသည် ခရီးသည်၉၆ဦး သာစီးနိုင်ပြီး ရထားခမှာ သာမန်ဈေးနှုန်းထက် အဆ ၂၀ များပြားကာလေယာဉ် လက်မှတ်ထက်ပိုများသည်ဟု ၎င်းက ပြောကြားသည်။

ခရီးသည်များအနေဖြင့် ရှန်ဟိုင်း–တိဘက်ကုန်းမြင့်ဒေသ၏ တစ်မူထူးခြားသည့် အလှအပ ရှုခင်းများကို ခံစားနိုင်မည်ဖြစ်ပြီး ပြည်တွင်းနှင့် ပြည်ပခရီးသည်များအတွက် ရထားလက်မှတ်များကို အွန်လိုင်းမှစတင်ရောင်းချနေပြီဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ပြည်သူလူထုက အမေရိကန် ရွေးကောက်ပွဲရလဒ်ကို စောင့်ကြည့်နေကြ

ဘဂ္ဂဒက် မတ် ၁၁

အီရတ်ပြည်သူလူထုက ၂၀၀၈ ခုနှစ် အမေရိကန်ရွေးကောက်ပွဲရလဒ်ကို စောင့်ကြည့်နေကြပြီး အမေရိကန်သမ္မတသစ်၏ မူဝါဒပြောင်းမည့်လက္ခဏာများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရေးအလားအလာများကို မျှော်လင့်နေကြသည်။

အမေရိကန်သမ္မတသည် အမျိုးသားတစ်ဦး သို့တည်းမဟုတ် အမျိုးသမီးတစ်ဦးဖြစ်လာမှုအပေါ် မိမိအလေးမထားကြောင်း၊ လက်တွေ့ပြဿနာမှာ အီရတ်နှင့်ပတ်သက်၍ အမေရိကန်မူဝါဒ ပြောင်းလဲရေးပင်ဖြစ်ကြောင်း ဘာသာရာတက္ကသိုလ်မှ ပါမောက္ခ မူဟီနက်ဆာဟစ်က ပြောကြားသည်။ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းများဖြစ်ကြသည့် ဟီလာရီကလင်တန်နှင့် ဘာရက်အိုဘားမားတို့က အီရတ်ပြဿနာနှင့် ပတ်သက်၍ မျှတသည့်သဘောထားရှိကြသော်လည်း အီရတ်စစ်ပွဲဆန့်ကျင်သူ အိုဘားမားအား ထောက်ခံမှုရုပ်သိမ်းစေရန် သမ္မတဘုရှ်က တိုက်တွန်းလျက်ရှိသည်။

၎င်းတို့နှစ်ဦးသာ သမ္မတအဖြစ် အရွေးခံခဲ့ရပါက အမေရိကန်တပ်ဖွဲ့ဝင်များကို ၂၀၀၉ ခုနှစ်တွင် ဌာနေပြန်ခေါ်ရန် သန္နိဋ္ဌာန်ချထားကြသည်။ ဂျွန်မက်ကိန်းကမူ သမ္မတဘုရှ်၏ တပ်ဖွဲ့ဝင် ၃၀၀၀၀ ဖြည့်ဆည်းပေးမည့် အယူအဆကို ထောက်ခံထားသည်။

ဒီမိုကရက်တစ်ပါတီ အနိုင်ရရှိခဲ့ပါက အမေရိကန်ပြည်ထောင်စု၏ အနာဂတ်သည် ကောင်းမွန်လာနိုင်ကြောင်း မိုဆူးလ်မှ နိုင်ငံရေးသမား အယ်လ်နူဂျေဖီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံး

ဘဂ္ဂဒက် မတ် ၁၁

ဘဂ္ဂဒက်မြို့လယ်၌ မတ်၁၀ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ကန်စစ်ဘက်ကပြောကြားသည်။ လအနည်းငယ်အချိန်အတွင်း ဘဂ္ဂဒက်၌ ဖြစ်ပွားသည့် တိုက်ခိုက်မှုများအနက် ယခုတိုက်ခိုက်မှုသည် အမေရိကန်တပ်ဖွဲ့ဝင် အများအပြားသေဆုံးရသော ဆိုးရွားသည့် တိုက်ခိုက်မှုဖြစ်သည်ဟုဆိုသည်။

ယင်းပေါက်ကွဲမှုတွင် အီရတ်နိုင်ငံသား စကားပြန်တစ်ဦးလည်း ဒဏ်ရာရခဲ့သည်။ အမေရိကန်တပ်ဖွဲ့များ ခြေလျင်ကင်းလှည့်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် မန်ဆောခရိုင်အတွင်း လမ်းပေါ်၌ ကင်းလှည့်နေကြစဉ် ဖောက်ခွဲရေးဝတ်စုံဝတ်ဆင်ထားသူတစ်ဦးက တပ်ဖွဲ့ဝင်များအတွင်းသို့ဝင်ရောက်၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းဖြစ်ပွားမှုတွင် အီရတ်နိုင်ငံသားကိုးဦးလည်း ဒဏ်ရာရသဖြင့် ဆေးရုံတင်လိုက်ရကြောင်း ရာမောက်ဆေးရုံမှတာဝန်ရှိသူက ပြောကြားသည်။ ထိုဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးလည်း ပါဝင်ကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်တွင် ဗုံးများပေါက်ကွဲ၍ ၂၄ ဦးသေဆုံး၊ ၁၅၀ ကျော် ဒဏ်ရာရ

လာဟိုး မတ် ၁၁

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့လယ်ရှိ ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဌာနချုပ် အဆောက်အအုံတွင် မတ် ၁၁ ရက်က ပြင်းထန်သော ဗုံးများပေါက်ကွဲသွားရာ အနည်းဆုံး ၂၄ဦးသေဆုံးသွားပြီး ၁၅၀ကျော် ဒဏ်ရာရရှိသွားကြောင်း သတင်းများက ဖော်ပြသည်။

ဗုံးနှစ်လုံးသည် တစ်လုံးနှင့်တစ်လုံး ၁၅မိနစ်မျှ ခြား၍ ပေါက်ကွဲခဲ့ရာ ယင်းပေါက်ကွဲမှုကြောင့် ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဌာနချုပ် အဆောက်အအုံ၏ မျက်နှာစာပိုင်း ပျက်စီးသွားသည့်အပြင် အနီးဝန်းကျင်ရှိ အိမ်များလည်း ပျက်စီးထိခိုက်ခဲ့ရသည်။

ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသောကားသည် ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဌာနချုပ် အဆောက်အအုံအနီး ချဉ်းကပ်သွားပြီး ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း လာဟိုးရဲတပ်ဖွဲ့ အကြီးအကဲ မာလိတ်မိုဟာမက်အိုင်ဘယ်လ်က ပြောကြားသည်။ ပထမ ပေါက်ကွဲရာနေရာနှင့် ၁၅ မိုင်ခန့်အကွာရှိ မြို့ဆင်ခြေဖုံးဒေသတွင် ဒုတိယ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကလေးနှစ်ဦးအပါအဝင် လူသုံးဦး အသက်ဆုံးရှုံးသွားသည်ဟု ရဲတပ်ဖွဲ့သတင်းက ဖော်ပြသည်။ ပေါက်ကွဲမှုများဖြစ်ပွားပြီး မရေးမနှောင်းမှာပင် ဩစတြေးလျ ခရစ်ကက်အသင်းက ၎င်း၏ စတုတ္ထမြောက် ပါကစ္စတန်ခရီးစဉ်ကို လုံခြုံရေးအခြေအနေများကြောင့် ဖျက်သိမ်းလိုက်ကြောင်း ကြေညာခဲ့သည်။***အင်တာနက်။***

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လာဟိုးမြို့လယ်ရှိ ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဌာနချုပ် အဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အာကာသ လွန်းပြန်ယာဉ် အင်ဒဲဗားအား ကနေဒီအငူရှိ အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ လွှတ်တင်လိုက်သည်ကို မတ် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့ (၁)

ခိုင်မျိုးညီလာအောင်

နိုင်ငံတော် ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ဝေဝေဆာဆာ ရှိလာချိန်တွင် ဒီမိုကရေစီလုပ်ငန်းစဉ်များဘက် အချိန်ပေးဆောင်ရွက်လာခဲ့သည့် နိုင်ငံတော်အစိုးရ၏ စေတနာကို သိလာရသောအခါ ခိုင်မျိုးညီလာအောင်တို့လို မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး၊ အမျိုးသားအကျိုးစီးပွား သယ်ပိုးလိုသူ မြန်မာများက တလေးတစား ပူးပေါင်းဆောင်ရွက်လာကြရတော့သည်။

နိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမကျင်းပမီကပင် ရွေးကောက်ပွဲပြီးလျှင် အခြေခံဥပဒေသစ် ရေးဆွဲရမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌တင်ပြခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁/၉၀ ကြေညာချက်ဖြင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ကိုယ်စားလှယ်များပါ ပါဝင်ပြီး အခြေခံဥပဒေရေးဆွဲကြမည်ဟု အသိပေးကြေညာခဲ့သည်။ မဲဆန္ဒရှင်လူထုက မဲပေးရွေးကောက်လိုက်သော ကိုယ်စားလှယ်များသည် ပြည်သူတို့ကိုယ်စား ပြည်သူ့ရေးရာများကို အကောင်းဆုံးဆောင်ရွက်ပေးကြရန် တာဝန်ယူရမည့်သူများသာဖြစ်သည်။ ပြည်သူတို့ ပိုင်ဆိုင်သော အချုပ်အခြာအာဏာကို ပြည်သူတို့ကိုယ်တိုင် စီမံခန့်ခွဲဆောင်ရွက်နိုင်ခြင်းမရှိ၍ ကိုယ်စားပြုဒီမိုကရေစီပုံစံဖြင့် ဥပဒေပြုရန်၊ အုပ်ချုပ်ရန်၊ တရားစီရင်ရန် ကိုယ်စားလှယ်များအား ပြည်သူတို့က ရွေးချယ်တင်မြှောက်တာဝန်ပေးရခြင်းဖြစ်သည်။ ဤသို့ နိုင်ငံတော်ကြီးတစ်ခုလုံး(ဝါ)အချုပ်အခြာအာဏာကြီးတစ်ရပ်လုံးကို ရွေးချယ်ခံကိုယ်စားလှယ်များအား လွှဲအပ်ရာ၌ ဟင်းရွက်ကန်စွန်းကဲ့သို့ ရော့အင့်ယူလိုက် ကြိုက်သလိုသာလုပ်ကြဆိုပြီး မအပ်နိုင်၊ မအပ်သင့်ပေ။

ပြည်သူအတွက် ပြည်သူ့တာဝန်ထမ်းဆောင်ရန် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များအား အချုပ်အခြာအာဏာ(ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး)ကို ဤပုံစံ၊ ဤနည်းလမ်း၊ ဤစည်းကမ်းအတိုင်း ကျင့်သုံးဆောင်ရွက်ကြ၊ မည်သည့်လုပ်ရပ်မျိုး မလုပ်ရ၊ မည်သို့လုပ်ရမည်၊ မည်သို့ဆောင်ရမည်၊ မည်သို့ရှောင်ရမည်၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများ အပြည့်အဝရရှိစေရန် မည်သို့မည်ပုံ ကာကွယ်ဖြည့်စွမ်းပေးရမည်တို့ကို ကဏ္ဍအလိုက် အကြောင်းအချက်များ(ဝါ)ပုဒ်မများဖြင့် စီကာစဉ်ကာ ရေးသားထားသောစာတမ်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်သည်။ ထို့ကြောင့် **ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးသည် မရှိမဖြစ်လိုအပ်သော ဥပဒေအားလုံး၏ အထက်တွင်ရှိသော ဥပဒေကြီး၊ တစ်နည်းအားဖြင့် ပြည်သူက အာဏာ(သက်တမ်းအလိုက်) လွှဲအပ်ပေးခြင်းခံရမည့် ကိုယ်စား လှယ်များအနေဖြင့် ထင်ရာမစိုင်းဘဲ စည်းကမ်းတကျ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ချုပ်ဆိုကြသော စာချုပ်ကြီးဖြစ်ပေသည်။**

ဗြိတိန်နိုင်ငံတွင် အခန်းအလိုက် ပုဒ်မစဉ်တပ်ပြီး ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမရှိပေ။ ထီးနန်းဆက်ခံရေးဥပဒေ၊ ပါလီမန်ဥပဒေ၊ ကက်ဘိနက်(ဝန်ကြီးအဖွဲ့)ဥပဒေ၊ တရားစီရင်ရေးဥပဒေ၊ မဂ္ဂနမ်ကာတာခေါ် နိုင်ငံသားအခွင့်အရေး စာတမ်းတို့ကို ပေါင်းရုံးပြီး အခြေခံဥပဒေအဖြစ် သုံးစွဲလျက်ရှိသည်။ ထို့ကြောင့် ဗြိတိသျှတို့၏ အချုပ်အခြာအာဏာကျင့်သုံးမှုကို စီကာစဉ်ကာ ရေးသားမထားသော ဥပဒေ (Unwritten Law)ဟု ခေါ်ကြသည်။

အမေရိကန် ပြည်ထောင်စုကို ၁၇၇၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် လွတ်လပ်ရေး ကြေညာတည်ထောင်ပြီးနောက် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုမူ နောင် ၁၁နှစ်ကြာ ၁၇၈၇ ခုနှစ် မေလတွင်မှ ညီလာခံကျင်းပညှိနှိုင်းပြီး ရေးဆွဲပြဋ္ဌာန်းခဲ့ကြသည်။ ထိုစဉ်က အမေရိကန်တွင် ကိုလိုနီ (ပြည်နယ်ဒေသ) ၁၃ခုရှိသည်။ ရုဒ်အိုင်လင်ခေါ် ကျွန်းပြည်နယ်မပါဘဲ ကျန် ၁၂ပြည်နယ်မှ ကိုယ်စားလှယ် ၆၀ ဖြင့် အခြေခံဥပဒေကို ရေးဆွဲခဲ့ကြသည်။ ထိုစဉ် တောင်ပိုင်းပြည်နယ် ကိုယ်စားလှယ်များက ရက်ဒ်အင်ဒီးယန်း (မူလဒေသခံလူမျိုး)များနှင့် လူမည်း (ငွေဝယ်ကျွန်) နီဂရိုးများကို မဲပေးခွင့်၊ ရွေးကောက်ခွင့်စသည့် နိုင်ငံသားအခွင့်အရေးများ လုံးဝမပေးနိုင်ဟု တင်းခံသဖြင့် ထိုအခန်း ချန်လှပ်ရေးဆွဲခဲ့ရသည်။ နောင်အခြေခံဥပဒေကို အကြိမ်(၂၀)ကျော် ပြင်ဆင်ခဲ့သော အခါတွင်မှ နိုင်ငံသား အခွင့်အရေးအခန်းက ပါလာသည်။ အခြေခံဥပဒေအတွက် မူများဆွေးနွေးရင်း သဘောထားကွဲပြီး အိမ်ပြန်သွားသူများကို ညီလာခံသဘာပတိ (ဗိုလ်ချုပ်ကြီး)ဂျော့ဝါရှင်တန်က သွားရောက်တွေ့ဆုံ ချော့မော့ခေါ်ယူခဲ့ရသည်။ အမေရိကန် အခြေခံဥပဒေကို ရေးဆွဲရာ၌ ကိုယ်စားလှယ် ၅၀ခန့်သာ ပုံမှန်တက်သည်။ ၁၇၈၇ ခုနှစ် စက်တင်ဘာလတွင် အခြေခံဥပဒေကို အတည်ပြု လက်မှတ်ရေးထိုးသောအခါ ကိုယ်စားလှယ် ၁၆ဦးက မိမိတို့မကြိုက်၊ လက်မခံနိုင်ဟုဆိုကာ လက်မှတ်မထိုးကြပေ။ လက်မှတ်ထိုးကြသည့် လူ ၃၀ကျော်အနက် အချို့က မိမိတို့မကြိုက်သော ပုဒ်မများ ပါဝင်နေ၍ မကြိုက်သော်လည်း အခြေခံဥပဒေ ပေါ်ထွန်းရေးအတွက် လက်မှတ်ထိုးလိုက်ရသည်ဟု ပြောပြီးမှ လက်မှတ်ထိုးသည်။ ယင်းအခြေခံဥပဒေကို ပြည်နယ်အလိုက် အတည်ပြုရာ၌ ရုဒ်အိုင်လင်ပြည်နယ်က ၁၇၉၀ ပြည့်နှစ် မေလ ၂၉ ရက်နေ့တွင်မှ အသိအမှတ်ပြု လက်ခံကျင့်သုံးသည်။

ထိုစဉ်က အမေရိကန် ပြည်ထောင်စုတွင် လူဦးရေက သုံးသန်းကိုးသိန်းကျော် (ယင်းတို့တွင် ငွေဝယ်ကျွန် ခုနစ်သိန်းခန့်ပါဝင်)သာရှိသည်။ ပြည်နယ်က ၁၃ခုဖြစ်သည်။ ယခုအခါ ပြည်နယ် ၅၀၊ လူဦးရေက ၂၉၈ သန်းကျော် ရှိသည်။ ၁၇၈၇ ခုနှစ်က ပြည်နယ် ၁၂ခုမှ လူ ၅၀ ကျော် ရေးဆွဲကာ လူ ၃၀ ကျော်လက်မှတ်ရေးထိုးခဲ့သော အခြေခံဥပဒေကို ၁၃ပြည်နယ်မှ လူသုံးသန်းကျော်က လက်ခံကျင့်သုံးခဲ့သည်။ ယနေ့တိုင် ပြည်နယ် ၅၀ မှ လူဦးရေ သန်း ၃၀၀ နီးပါးခန့်က ဆက်လက်ကျင့်သုံးနေပေသည်။ ပြင်သစ်တွင်မူ အခြေခံဥပဒေကို ပြင်ဆင်ခြင်း သို့မဟုတ် အသစ်ပြန်ဆွဲခြင်း ၁၅ကြိမ် ပြုလုပ်ခဲ့ပြီးပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ခုနှစ် နောက်ပိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် နိုင်ငံတော်က ထုတ်ဖော်ပြောကြားကြေညာခဲ့ပြီး ဖြစ်ပေသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၁/၉၀ ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲမည်ဟု ကြေညာခဲ့သည်။ ၁၉၉၂ခုနှစ် ဧပြီလ ၂၄ရက်နေ့တွင် ကြေညာချက် အမှတ် ၁၁/၉၂ ထုတ်ပြန်ပြီး အမျိုးသားညီလာခံ ခေါ်ယူကျင်းပရေးနှင့်စပ်လျဉ်း၍ တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်ခေါင်းဆောင်များ၊ တသီးပုဂ္ဂလ ရွေးချယ်ခံကိုယ်စားလှယ်များနှင့် နှစ်လအတွင်း တွေ့ဆုံညှိနှိုင်းမည် ဖြစ်ကြောင်း၊ ထိုသို့တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်ပြီးပါက ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကို ခြောက်လအတွင်း ခေါ်ယူကျင်းပမည်ဖြစ်ကြောင်း အသိပေး ကြေညာခဲ့သည်။

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၉၂ ခုနှစ် ဇွန်လ ၂၃၊ ဇွန်လ ၃၀၊ ဇူလိုင်လ ၁၀ ရက်နေ့တို့တွင် ရွေးကောက်ပွဲ၌ ရွေးချယ်ခံထားရသော ကိုယ်စားလှယ် ၂၉ ဦး တက်ရောက်သည့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပကာ အမျိုးသားညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ခုအတွက် ကိုယ်စားလှယ် ရွေးချယ်ရေးပုံစံ၊ ညီလာခံပုံစံ၊ ဦးတည်ချက်များ သဘောတူညီမှုရခဲ့သည်။

ပြည်သူအတွက် ပြည်သူ့တာဝန်ထမ်းဆောင်ရန် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များအား အချုပ်အခြာအာဏာ (ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး)ကို ဤပုံစံ၊ ဤနည်းလမ်း၊ ဤစည်းကမ်းအတိုင်း ကျင့်သုံးဆောင်ရွက်ကြ၊ မည်သည့်လုပ်ရပ်မျိုးမလုပ်ရ၊ မည်သို့လုပ်ရမည်၊ မည်သို့ဆောင်ရမည်၊ မည်သို့ရှောင်ရမည်၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများ အပြည့်အဝရရှိစေရန် မည်သို့မည်ပုံ ကာကွယ်ဖြည့်စွမ်းပေးရမည်တို့ကို ကဏ္ဍအလိုက် အကြောင်းအချက်များ(ဝါ)ပုဒ်မများဖြင့် စီကာစဉ်ကာ ရေးသားထားသောစာတမ်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ၁/၉၃ ကြေညာချက်ဖြင့် အမျိုးသားညီလာခံကို ကြိုဆိုသောအားဖြင့် ၁၈-၉-၈၈ မှ ၃၁-၁၂-၉၂ရက်နေ့အထိ နယ်ဘက်တရားရုံး၊ စစ်ဘက်တရားရုံးနှင့် စစ်ခုံရုံးတို့က ပြစ်ဒဏ်ချမှတ်ခဲ့သည့် အကျဉ်းသားများအား ပြစ်ဒဏ်များ ပြောင်းလဲလျှော့ပေါ့ပေးခဲ့သည်။ ၁/၉၇ ကြေညာချက်ဖြင့်လည်း ၁၈-၉-၈၈ မှ ၁၅-၁၀-၉၇ ရက်နေ့ကာလအတွင်း နယ်ဘက်တရားရုံး၊ စစ်ဘက်တရားရုံးနှင့် စစ်ခုံရုံးတို့က ပြစ်ဒဏ်ချမှတ်ခဲ့သည့် အကျဉ်းသားများအား ပြစ်ဒဏ်ပြောင်းလဲလျှော့ပေါ့ပေးခဲ့သည်။ ကြေညာချက် အမှတ်၁၄/၉၂ ဖြင့် အမျိုးသားညီလာခံခေါ်ယူကျင်းပရန် ကြေညာခဲ့ပြီး ၂-၁၀-၉၂ ရက်နေ့စွဲပါ ကြေညာချက်အမှတ်၃၉/၉၂ဖြင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဖွဲ့စည်းပေးခဲ့သည်။

၅-၁-၉၃ ရက်နေ့တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ် ၇၀၂ ဦးတို့ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းသို့ စုရုံးရောက်ရှိကာ ၇-၁-၉၃ရက်နေ့တွင် ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက ကိုယ်စားလှယ်များကို ကြိုဆိုနှုတ်ဆက်ပွဲကျင်းပပြီး ၉-၁-၉၃ ရက်နေ့တွင် အမျိုးသားညီလာခံကြီး စတင်ကျင်းပသည်။ ၉-၁-၉၃ မှ ၁၁-၁-၉၃ ရက်နေ့အထိ ညီလာခံဦးတည်ချက်(၆)ရပ်၊ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာဖွဲ့စည်းပုံ အခြေခံဥပဒေများ၏ သဘောသဘာဝများ၊ အခြေခံဥပဒေစံ (NORM) များကို လုပ်ငန်း ကော်မတီက ကိုယ်စားလှယ်များအား ရှင်းပြခဲ့သည်။ ကိုယ်စားလှယ်များအား လေ့လာရန် အချိန်ပေးခဲ့သည်။ ညီလာခံရုံးတွင် နိုင်ငံစုံမှ အခြေခံဥပဒေ စာအုပ်စာတမ်းများထားရှိကာ ကိုယ်စားလှယ်များ လေ့လာဖတ်ရှုနိုင်ရေး စီစဉ်ပေးခဲ့သည်။

၁-၂-၉၃ မှ ၇-၄-၉၃ ရက်နေ့အတွင်း ကိုယ်စားလှယ်အစုအဖွဲ့(၈)ခုက မိမိတို့အဖွဲ့အတွက် သဘာပတိ ငါး ဦးစီ ရွေးချယ်တင်မြှောက်ကြသည်။ အခြေခံ ဥပဒေတွင် ပါဝင်သော အခန်းလိုက်ခေါင်းစဉ် ၁၅ ခုကို (အကြံပြုခေါင်းစဉ် ၂၀၀၀ ကျော်မှ အထပ်ထပ် စိစစ်ညှိနှိုင်း) သတ်မှတ်သည်။

၇-၉-၉၃မှ ၁၆-၉-၉၃ရက်နေ့အထိ နိုင်ငံတော်အခြေခံမူ (၁၀၄)ချက်ကို အစုအဖွဲ့အလိုက် အကြံပြုပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးက အတည်ပြု ချမှတ်ခဲ့သည်။

၁၈-၁-၉၄မှ ၉-၄-၉၄ရက်နေ့အထိ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်း၊ နိုင်ငံတော်အကြီးအကဲသမ္မတအခန်းအတွက် တစ်ဦးချင်းသဘောထား၊ အစုအဖွဲ့သဘောထားများမှသည် စုံညီအစည်းအဝေး၌ ကိုယ်စားလှယ်အားလုံး သဘောတူညီမှုဖြင့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့သည်။ ၂-၉-၉၄ မှ ၇-၄-၉၅ရက်နေ့ထိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုခြောက်ခုကို တညီတညွတ်တည်းသတ်မှတ်ခဲ့ရာ (၁)'ဝ' ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (၂)ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၃) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ (၄)ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် (၆) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ ဖြစ်ကြသည်။

၂၈-၁-၉၅ ရက်နေ့တွင် NLD ပါတီနှင့် ရွေးချယ်ခံကိုယ်စားလှယ်စုစုပေါင်း ၈၆ယောက်တို့ ညီလာခံမှ ခွင့်မပန်ကြားဘဲ ညီလာခံ လုပ်ထုံးလုပ်နည်း စည်းကမ်းဖောက်ဖျက်ကာ ထွက်ခွာသွားကြသည်။

၂၈-၁၁-၉၅ မှ ၃၁-၃-၉၆ ရက်နေ့အထိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ဖွဲ့စည်းမှုအပိုင်းများအတွက် မူများချမှတ်ကာ ညီလာခံကို ရပ်နားသည်။ အထက်ပါ အမျိုးသားညီလာခံ ခြောက်ကြိမ်စလုံးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ကျင်းပကာ စုံညီအစည်းအဝေးများကို အလုံလမ်း သမ္မတအိမ်တော်ဝင်း စည်းဝေးခန်းမဆောင်တွင် ကျင်းပခဲ့သည်။

နိုင်ငံတော်က ၂၀၀၃ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ဤမူဝါဒလမ်းစဉ်(၇)ရပ်သည် ဒီမိုကရေစီလမ်းပြ မြေပုံဖြစ်ပေသည်။

ယင်းဒီမိုကရေစီ လမ်းပြမြေပုံအရ ၂၀၀၄ ခုနှစ် မေလမှစ၍ အမျိုးသားညီလာခံကြီး ပြန်လည်စတင် ကျင်းပခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ညီလာခံကို ကျောခိုင်းထွက်ခွာသွားပြီးမှ ၂၀၀၄ ခုနှစ် မေလတွင် ညီလာခံ ပြန်တက်မည်ဟု NLDက ပြောလာသဖြင့် ဖိတ်စာကမ်းခဲ့သော်လည်း ကျင်းပခါနီးနောက်ဆုံးအချိန်ရောက်မှ မတက်တော့ဟု ဆိုပြန်သည်။

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းတွင် အမျိုးသားညီလာခံကြီး ငါးကြိမ် ကျင်းပခဲ့သည်။

၁၇-၅-၂၀၀၄ မှ ၉-၇-၂၀၀၄ ရက်နေ့အထိ ဥပဒေပြုရေး အာဏာခွဲဝေမှုကို ဆွေးနွေးအကြံပြုကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးအောင်မြင်အောင် ဝိုင်းဝန်းပါဝင်ဆောင်ရွက် ဘက်လိုက်ခွက်ဖက်မှုများကို ပြည်သူများနှင့် လက်တွဲကာကွယ်

ရန်ကုန် မတ် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၁၄)ဖွင့်ပွဲအခမ်းအနားကို မတ် ၁၀ရက် နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း၌ ကျင်းပသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၄) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် ပြည်သူအားလုံး၏ ဆန္ဒသည် ဖွံ့ဖြိုးတိုးတက်မှုကို ရယူခံစားလိုကြခြင်းဖြစ်ကြောင်း၊တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နိုင်မည် ဆိုသည်ကိုလည်း ပြည်သူအားလုံး ဘဝပေး အသိအရ ယုံကြည်ကြပြီးဖြစ်ကြောင်း။

မိမိတို့ ပြည်သူများ၏ လိုလားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားရေး ရည်မှန်းချက်ကို ခိုင်မာစွာချမှတ်ဆောင်ရွက်ကြရစမြဲဖြစ်ကြောင်း၊“အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် အကောင်အထည်ဖော်တည်ဆောက်ရေး”သည် မိမိတို့အားလုံး၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်၏ ပကတိအရှိတရားအရ “ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး”ဆိုသော ဒို့တာဝန် အရေးသုံးပါးသည် မည်သူကမှ မငြင်းနိုင်သည့် အမျိုးသားရေးမူဝါဒ ဖြစ်ကြောင်း၊ ချမှတ်ထားသော နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေးနည်းလမ်း (၁၂)သွယ်သည်လည်း အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်အတွက် လက်တွေ့ကျသည့် နည်းလမ်းများဖြစ်ကြောင်း၊ မွန်မြတ်မှန်ကန်သောမူ၊ လက်တွေ့ကျသည့် နည်းလမ်းများအတိုင်း နိုင်ငံတော်၏ စစ်မှန်သော အားများဖြစ်ကြသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြသည့်အတွက် မည်သည့်ခေတ်၊ မည်သည့်အခါနှင့်မှ မတူသော တည်ငြိမ်အေးချမ်းမှု၊ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနေပြီဆိုသည်ကို ထင်ရှားစွာ သိမြင်ခံစားနေကြရပြီဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်း အကောင်အထည် ဖော်နိုင်စေရန် ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည့်အတိုင်း ၂၄ သန်းကျော်ရှိသော အသင်းဝင်များသည် နိုင်ငံတော်၏ ဒေသအသီးသီးတွင် ရှိသည့် ပြည်သူများနှင့် လက်တွဲပြီး နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီး၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ပြည်သူများ၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရာတွင် အတွေးအခေါ် ညီညွတ်မှု၊ အလုပ်ညီညွတ်မှုရှိရမည်ဖြစ်သည့်အပြင် ထိုက်သင့်သော အရည်အချင်းများလည်း ရှိကြရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် အတွေးအခေါ်နှင့် အရည်အချင်းပြည့်ဝသော အသင်းဝင်များကသာ မိမိတို့ပြည်သူများနှင့် နိုင်ငံတော်၏ အကျိုးအတွက် ပိုမိုသယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လေ့ကျင့်မှုတိုင်းသည် တက်ရောက်သူတစ်ဦးစီ၏ အရည်အချင်း တိုးတက်မှုများကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းများ မြင့်မားတိုးတက်လာသည်နှင့်အမျှ အသင်းဝင်များနှင့် ဖွဲ့စည်းထားသည့် အသင်းကြီးအနေဖြင့် စုစည်းညီညွတ်သော စွမ်းအားဖြင့် ပိုမိုအကျိုးပြုစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်ဆိုသည်ကို ခံယူလေ့လာသွားကြရန် မှာကြားလိုကြောင်း။

လက်ရှိကာလသည် မိမိတို့အားလုံး မျှော်မှန်းထားသည့် နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော အခွင့်အခါကောင်းနှင့်ကြုံကြိုက်နေသည့် ကာလဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ရှိစေရန် ဆောင်ရွက်ရင်း ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော အချိန်လည်းဖြစ်ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်၌ အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသော ကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့က ကိုယ်စားလှယ် ၁၀၀၀ကျော်ဖြင့် အနှောင့်အယှက် အခက်အခဲများကြားက အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးက ညှိနှိုင်းဆုံးဖြတ်ချမှတ်ထားသည့်မူများအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုလည်း ရေးဆွဲပြီးဖြစ်ကြောင်း၊ ရေးဆွဲပြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုရေးနှင့် ၂၀၁၀ပြည့်နှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံ အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက်လည်း နိုင်ငံတော်က ရှင်းလင်းပြတ်သားစွာ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း။

အသင်းဝင်များအနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်မှတစ်ပါး အခြားမရှိဟုပြတ်သားစွာ ယုံကြည်ထားပြီးဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် မေလတွင်ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးအောင်မြင်အောင် ပြည်သူတစ်ရပ်လုံးနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်၏ အရေးအရာများသည် တစ်ဦးတစ်ယောက်၏ အရေး၊ အဖွဲ့အစည်းအချို့၏ အရေးများမဟုတ်ကြကြောင်း၊ မြန်မာနိုင်ငံရေးသမိုင်းတွင် အတ္တစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများနှင့် ယှဉ်သောလောဘ၊ ဒေါသ၊ မောဟတရားများဖုံးလွှမ်းမှုများကြောင့် နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားကို မျက်ကွယ်ပြုခဲ့မိကြသည့်ဖြစ်စဉ်များကို သင်ခန်းစာယူကြရမည် ဖြစ်ကြောင်း၊ ယနေ့ ဖြစ်ပေါ်နေသော နိုင်ငံတော်၏ အရေးအရာ ကိစ္စရပ်များသည် နိုင်ငံတော်နှင့် ပြည်သူများက အောင်မြင်စွာ ဖြေရှင်းနိုင်သည့် ပြည်တွင်းရေးများသာဖြစ်ကြောင်း၊ မည်သည့်ပြည်ပ နိုင်ငံသားများကမှ မြန်မာနိုင်ငံသားများလောက် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းဖြစ်စဉ်များနှင့် ပကတိအရှိတရားများကို သိမြင်ခံစားနိုင်ကြမည် မဟုတ်ကြောင်း၊ ပကတိအခြေအနေများကို မှန်ကန်စွာ ရှုမြင်နိုင်ကြရန်လိုကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အားပေးကူညီမှုများကို ကြိုဆိုမည်ဖြစ်သော်လည်း ဘက်လိုက် ခွက်ဖက်မှုများကို စွန့်လွှတ်စွန့်စားရဲသည့် သတ္တိစိတ်ဓာတ်ဖြင့် အသင်းဝင်အားလုံးက ပြည်သူများနှင့် လက်တွဲပြီး ကာကွယ်သွားကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ၁၀၁ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည် ဖြစ်သည်။ (သတင်းစဉ်)

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

၁၇-၂-၂၀၀၅ မှ ၃၁-၃-၂၀၀၅ ရက်နေ့အထိ ဥပဒေပြုရေးအာဏာခွဲဝေမှုအတွက် မူများချမှတ်ပြီး အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာခွဲဝေမှုအပိုင်းများအတွက် အစုအဖွဲ့များက အကြံပြုကြသည်။

၅-၁၂-၂၀၀၅ မှ ၃၁-၁-၂၀၀၆ ရက်နေ့အထိ အုပ်ချုပ်ရေးအာဏာခွဲဝေမှုအတွက် မူများချမှတ်ခဲ့သည်။ တရားစီရင်ရေး အာဏာခွဲဝေမှုဆိုင်ရာမူများ ချမှတ်ပြီး ဥပဒေပြုရေးလုပ်ငန်းများ၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ တပ်မတော်အခန်းတို့အတွက် အကြံပြု တင်ပြကြသည်။ ၁၀-၁၀-၂၀၀၆ မှ ၂၉-၁၂-၂၀၀၆ရက်နေ့အထိ ဥပဒေပြုရေးလုပ်ငန်းနှင့် နိုင်ငံသားအခွင့်အရေးအခန်း၊ တပ်မတော်အခန်းတို့အတွက် မူများချမှတ်ခဲ့သည်။

ဆက်လက်၍ ရွေးကောက်တင်မြှောက်ခြင်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ၊ အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အစုအဖွဲ့များက အကြံပြုတင်ပြကြသည်။

၁၈-၇-၂၀၀၇ မှ ၃-၉-၂၀၀၇ ရက်နေ့အထိ အကြံပြုဆွေးနွေးတင်ပြထားသော အထက်ပါအခန်းများအတွက် မူများချမှတ်ကာ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ ထိုမှဆက်၍ ယခုအခါ အခြေခံ ဥပဒေမူကြမ်းကို ရေးဆွဲပြီးခဲ့ပြီးဖြစ်သည်။ လာမည့်မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုမည်။ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပကာ ရွေးချယ်ခံကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူခြင်း၊ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း၊ အာဏာပိုင်အဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို ဆက်တိုက် ဆောင်ရွက်သွားမည်ဖြစ်သည်။

ညီလာခံတစ်လျှောက် ကိုယ်စားလှယ်များ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြသည်။ စိတ်ရှည်လက်ရှည် ညှိနှိုင်းကြသည်။ ညီလာခံတွင် ဆွေးနွေးကြသမျှ ချမှတ်ခဲ့သမျှ အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို သတင်းစာ၊ ရေဒီယို၊ ရုပ်သံ၊ အင်တာနက်၊ ပြည်တွင်းပြည်ပ သတင်းဌာနများက ထုတ်ပြန်တင်ပြခဲ့သည်။ ကျိုက္ကဆံကွင်းတွင် ၁၉၉၃ ခုနှစ်က အမျိုးသားညီလာခံစတင်ကျင်းပစဉ် ကိုယ်စားလှယ် ၇၀၂ ဦး တက်ရောက်ပြီး ၂၀၀၄ခုနှစ် ညောင်နှစ်ပင်စခန်း၌ ညီလာခံပြန်လည်ကျင်းပသောအခါ အစုအဖွဲ့ရှစ်ခုမှ ညီလာခံကိုယ်စားလှယ် ၁၀၈၀ကျော် တက်ရောက်ခဲ့ကြသည်။ အစုအဖွဲ့ရှစ်ခုတွင် ပြည်နယ်စုံ၊ တိုင်းဒေသစုံ၊ မြို့နယ်စုံမှ တိုင်းရင်းသားစုံကိုယ်စားလှယ်များ၊ လူထုလူတန်းစားအလွှာစုံ ကိုယ်စားလှယ်များ၊ နိုင်ငံရေးအတွေ့အကြုံကြွယ်ဝသော သံတမန်ဟောင်းများ၊ သမိုင်းပညာရှင်များ၊ ငြိမ်းချမ်းရေး ရယူပြီးသည့် တိုင်းရင်းသား အဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည်။

နိုင်ငံတော်က ဒီမိုကရေစီလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခဲ့သမျှ ပွင့်လင်းသည်။ အများပြည်သူထံချပြရင်း ကမ္ဘာကိုပါ သိစေခဲ့သဖြင့် ထင်သာမြင်သာရှိသည်။ အစီအစဉ်များကိုလည်း အချိန်ဇယားဖော်ပြ လုပ်ဆောင်ခဲ့သည်။ ဤသို့ ပွင့်လင်းမြင်သာသည့် လုပ်ငန်းများကို ၅၆သန်းကျော်သော မြန်မာပြည်သူတို့ သိသည် မြင်သည် ကြားသည်။ မျက်စိမပါ စက္ခုဝိညာဉ်မရှိ သောတဝိညာဉ် တံခါးပိတ်ထားသူများက မမြင်မသိမကြားသည်မှာ အဆန်းမဟုတ်တော့ပါ။ ပြည်တွင်းပြည်ပ အဖျက်သမားနှင့် ကိုလိုနီဝါဒီတို့သည်ကား ၅၆သန်းကျော်သော မြန်မာတို့ကို သူတို့မသိ၊ အလေးမထား၊ တစ်ဦးတစ်ယောက်တည်းကိုသာ သိကြသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွားကို ဆန့်ကျင်ပြီး တစ်ဦးတစ်ဖွဲ့ အကျိုးကိုသာ သိတတ်ကြသူများဖြစ်သည်။

မည်သို့ဆိုစေ ကမ္ဘာတွင် အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုသော နိုင်ငံမျိုး ရှားသည်။ ပြည်သူတို့အတွက် တိုက်ရိုက် ဒီမိုကရေစီကျင့်သုံးခွင့်ရစေမည့်၊ အနာဂတ် ကောင်းကျိုးဖော်ဆောင်မည့် အခြေခံဥပဒေကို ပြည်သူ့ဆန္ဒဖြင့် အတည်ပြုတော့မည်ဖြစ်သည်။

ထို့ကြောင့်-

**- ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။**

**- ဒို့အနာဂတ် ဒို့ပိုင်ဖို့
ဖွဲ့အဟုန်ပွားလို့
မဲရုံသွားစို့။**

**- တိုင်းရင်းသားစုံ အခွင့်အရေးမှန်သမျှ
အခြေခံဥပဒေများ အာမခံထားသဗျာ့။**

**- ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ဖို့
အခြေခံဥပဒေကို အတည်ပြုစို့။**

**- ရွှေနိုင်ငံသစ်တည်လို့ ဒီမိုကရေစီခေတ်ဆီသို့
ဒီမိုကရေစီခေတ်တည်လို့၊ ရွှေနိုင်ငံသစ်ဆီသို့။**

**- အခြေခံဥပဒေပြဋ္ဌာန်းမှု
ပြည်သူညီညာစုလို့ အတည်ပြု။ ။**

တက္ကသိုလ်များ သမိုင်းအထူးပြု ၁၉၆၄-၁၉၆၅ မှ ၂၀၀၆-၂၀၀၇ခုနှစ်ထိ ကျောင်းသား/ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပရာ ကျင်းပရေးကော်မတီ နာယက ဒေါက်တာမာဂရက် ဝေါင်းက အလှူရှင် လူမှုထူးချွန်(ပထမဆင့်)ဦးမြသိန်း (M.D.G. Co.,Ltd) အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် လွိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၈ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် မင်းကျောင်း ပရိယတ္တိစာသင်တိုက်ရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ တည်ဆောက်လျက်ရှိသော လောကချမ်းသာ ရွှေစည်းခုံစေတီတော်အတွက် အလှူငွေများဆက်ကပ်လှူဒါန်းပြီး စေတီတော်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် လွိုင်ကော်မြို့နယ် နည်းပညာတက္ကသိုလ် တည်ဆောက်ရေး စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် လွိုင်ကော်မြို့နယ် လောဓမ္မရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု ထီးပလော်ခူကျေးရွာ ဓမ္မနာဒကျောင်းရှိ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒိမာအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ တည်ဆောက်လျက်ရှိသော ဇေယျာသိဒ္ဓိမင်္ဂလာစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း၍ စေတီတော်အား လှည့်လည်ဖူးမြော်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် လွိုင်ကော်မြို့နယ် လင်ဖုံလေးကျေးရွာ ဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တဂန္ဓာစက္ကအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဘုန်းတော်ကြီးကျောင်းစာသင်ကျောင်းနှင့် ဆေးပေးခန်းတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မတ်၉ရက် နံနက်ပိုင်းတွင် ဒီမော့ဆိုမြို့နယ် ယူဆမိုဆိုကျေးရွာဆောင်ဒူလာ ကျေးလက် ကျန်းမာရေးဌာန ဆေးပေးခန်း အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် ဒီမော့ဆိုမြို့နယ်၏ ဒေါင်ခါး(၂)ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်း၊ မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဒီမော့ဆိုမြို့နယ် ဆီးလီဒုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဒီမော့ဆိုမြို့နယ် ကပွယ်ခူကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ နန္ဒိယအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများနှင့် ကျောင်းဆောင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒီမော့ဆိုမြို့နယ် ဝီသဲကူးရွာ ဘုန်းတော်ကြီးကျောင်း တည်ဆောက်နေမှုကို ကြည့်ရှုပြီး ကျောင်းထိုင်ဘုန်းကြီး တောင်တန်းသာသနာပြု ဆရာတော် မြို့နယ် သံဃနာယကအဖွဲ့ဝင်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသူရိယအား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံအမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒီမော့ဆိုမြို့နယ် ယူဆမိုဆိုကျေးရွာ ဆောင်ဒူလာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားတွင် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သစ်တောရေးရာ)

ကြေးမုံ The Mirror — ကမ္ဘာတစ်လွှား ထူးထူးခြားခြားဖြစ်ရပ်များ

ရေအောက်သတင်းစာ ရှင်းလင်းပွဲ

ဩစတြေးလျနိုင်ငံသား လီယိုအော့ဆန်ဘောင်ယာနှင့် ကလော့စ်အမ်ရှရမ်ဆာဆိုသူ နှစ်ဦးတို့က ၎င်းတို့ ထုတ်ဝေသည့် စာအုပ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ၂၀၀၆ ခုနှစ် ဇွန် ၁၇ ရက်က ဩစတြေးလျ နိုင်ငံ ထရန်ဆီးရေကန်၌ ထူးထူးခြားခြား ကျင်းပခဲ့သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ စာနယ်ဇင်းသမား ၂၁ ဦး တက်ရောက်ခဲ့ကြသည်။ ၎င်းသတင်းစာရှင်းလင်းပွဲကို မြေပြင်၌ကျင်းပခြင်းမဟုတ်ဘဲ ရေကန်တွင်း အနက် ၁၆ ပေ ၄ လက်မ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အကြီးဆုံး ရုပ်မြင်သံကြား ဖန်သားပြင်

ဂျပန်နိုင်ငံ မစ်ဆူဘီရှီလျှပ်စစ် ကုမ္ပဏီမှထုတ်လုပ်သည့် နောက်ဆုံးပေါ်အကြီးမားဆုံးသော ရုပ်မြင်သံကြား ဖန်သားပြင်မှာ အလျား ၂၁၈ပေ၊ အမြင့် ၃၇ပေရှိဖန်သားပြင် ဖြစ်သည်။ အဆိုပါ ဖန်သားပြင် တီဗွီ၏တန်ဖိုးမှာ ယန်း ၃ ဒသမ ၂ ဘီလီယံ (ဒေါ်လာ၂၇ဒသမ၂သန်း) ရှိသည်ဟု ဆိုသည်။ အဆိုပါ ရုပ်မြင်သံကြားဖန်သားပြင်ကို ဂျပန်နိုင်ငံ တိုကျိုမြို့ မြင်းပြိုင်ကွင်း၌ တပ်ဆင်ထားသည်။ **(ဓါတ်ပုံ)**၎င်းတီဗွီ ဖန်သားပြင်၏ ပမာဏမှာ အကြမ်းဖျင်းအားဖြင့် တင်းနစ်ကွင်း သုံးကွင်းစာ ရှိသည် ဆိုသည်။

ပက်လက်အနေအထားဖြင့် ဘောလုံးကို အကြာဆုံးထိန်းနိုင်သူ

ဆွီဒင်နိုင်ငံသား တိုမတ်စ်လန်မင်း**(ယာပုံ)**ဆိုသူသည် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၄ရက်က ပက်လက်အိပ်ပြီး ခန္ဓာကိုယ်မရွေ့လျားစေဘဲ ဘောလုံးကို ခြေဖြင့် အချိန်အကြာဆုံး ၉မိနစ်နှင့် ၅၇စက္ကန့်ကြာ မြေသို့မကျစေအောင် ထိန်းသိမ်းသွားကာ ကမ္ဘာ့မှတ်တမ်းစာအုပ်၌စံချိန်တင်ခဲ့သည်။

ကိုယ်ပိုင် အကြီးဆုံး အပျော်စီးသင်္ဘော

ပုဂ္ဂိုလ်တစ်ဦးတည်း ပိုင်ဆိုင်သည့် အကြီးဆုံး အပျော်စီးသင်္ဘောမှာ မီတာ ၁၆၀(၅၄၂ပေ ၁၀လက်မ)ရှည်ပြီး ဒေါ်လာသန်း ၃၀၀ တန်သည့် Golden Starအမည်ရှိ အပျော်စီးသင်္ဘော တစ်စင်းပင်ဖြစ်သည်။ **(အောက်ပုံ)** အဆိုပါ သင်္ဘော၏ပိုင်ရှင်မှာ ယူအေအီးနိုင်ငံ ဒူဘိုင်းအုပ်ချုပ်သူ စော်ဘွား ရှိတ်မိုဟာမက်ဘင်ရာရှစ်အယ်လ်မာ့စ်တမ်ဖြစ်သည်။ ၂၀၀၅ခုနှစ် ဧပြီလတွင် စတင်စမ်းသပ်ခုတ်မောင်းခဲ့သည်ဟု ဆိုသည်။

စိတ်ထားဖြူစင် ပါရမီရှင်အသင်း၏ (၄)နှစ်မြောက်နှစ်ပတ်လည်အထိမ်းအမှတ်နှင့် စုပေါင်းအလှူငွေဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရ (ပခုက္ကူ ဆရာတော်)၏ ဩဝါဒကိုခံယူ၍ အသင်းကြီး၏ (၄)နှစ်မြောက် အထိမ်းအမှတ်နှင့် (၁၁)ကြိမ်မြောက် စုပေါင်း အလှူငွေဆက်ကပ်လှူဒါန်း ရေစက်ချ အခမ်းအနားကို ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်၊ (မတ် ၁၆ ရက်) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်းရှိ ပခုက္ကူ ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ရေစက်ချ တရားတော်နာကြွရောက်ပါရန်နှင့် ဖိတ်စာမရရှိသော စုဘူးအလှူရှင်များလည်း ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း

ရန်ကုန် မတ် ၁၁

မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ အထက်ညဉ့်ကျေးရွာ၊ မင်္ဂလာသီရိကျောင်း၊ ဆရာတော်ဘဒ္ဒန္တသုမန၏ ဩဝါဒကိုခံယူလျက် သင်တန်းနည်းပြ အရှင်ပါကဋ(လက်ယက်မ)က ဒုတိယအကြိမ်မြောက် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို တပေါင်းလဆန်း ၇ ရက် (၁၃-၃-၂၀၀၈) ကြာသပတေးနေ့တွင် စတင်ဖွင့်လှစ် သင်ကြားပြသမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။ မျိုးချစ်တပ်မတော်
၅:၂၀	၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၃၀	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀	၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။ **ကာတွန်းအစီအစဉ် – ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း–၂၉)**
၆:၄၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း–၄၅)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ မိုးလေဝသသတင်း
	၁၈။ အမျိုးသားရေးတေးကဗျာ
	၁၉။ လူ့ရှင်တော်ရွှေဖလား
	၂၀။ ICT သုတ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – စည်းခြားထားတဲ့ အချစ် (အပိုင်း–၁၃)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

➪ ကျောဖုံးမှ

မီးဘေးသင့်အိမ်ထောင်စုများကိုယ်စား ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများက လက်ခံကြပြီး မီးဘေးသင့်အိမ်ထောင်စုဝင်များကိုယ်စား အမှတ် (၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမင်းသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်က မီးဘေးသင့်အိမ်ထောင်စုများ ပြန်လည်နေရာချထားရေးကိစ္စများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အခမ်းအနားတွင် နေပြည်တော်လယ်ဝေး မီးဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၂၃၆သိန်းဖိုးကို ထောက်ပံ့ ပေးအပ်ခဲ့သည်။ ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက ယာယီကယ်ဆယ်ရေးစခန်းနှင့် မီးဘေးသင့် အိမ်ထောင်စုများအား လိုက်လံကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်၊ ကြံခင်းကျောင်းပရိယတ္တိစာသင်တိုက် သုံးထပ်ကျောင်းတော်ကြီးကို အသစ်တည်ဆောက်လျက်ရှိရာ လှိုင်မြို့နယ် အမှတ် (၇)ရပ်ကွက် မယ်ဇီကုန်းလမ်းနေ မိခင် ဒေါ်ညိုခင်အားရည်စူး၍ ဦးပေါက်နှင့်သား၊သမီး၊မြေးတစ်စုက အလှူငွေကျပ် ရှစ်သိန်းကို ကြံခင်းကျောင်း(ဩဝါဒါစရိယဆရာတော်)အရှင်ပဏ္ဍိစ္စထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် မတ် ၁၁

မတ် ၉ ရက်က နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားလျက်ရှိသော ဦးတင့်ဆန်း(ACE ကုမ္ပဏီ)သည် ကျင်းအမှတ်(၁၆)တွင် Mizuno Wood-7 ဖြင့် Titleist Pro V-1. No-3 ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်သော ဦးရန်ဝင်း၊ ဦးသောင်းစိန်၊ ဦးအုန်းကျော်တို့ ပါဝင်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၀	၆။	ကူးလူးဆက်သွယ်ချစ်ကြိုးသွယ် (ကရင်၊မွန်)
၈:၁၅	၇။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၈။	International News.
၈:၄၅	၉။	Let's Go.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၀၀	၅။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၄ ခုနှစ်)
၅:၁၀	၆။	မြန်မာစာ၊မြန်မာစကား
၅:၂၅	၇။	သီချင်းကြီးပဒေသာ
၅:၃၀	၈။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၄၀	၉။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၃၀	၁၁။	မိုးလေဝသအခြေအနေ
၆:၃၅	၁၂။	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၅၀	၁၃။	**"ကုသမနေ့းတိဘိဘား" (ရာဇာနေဝင်း၊သုမောင်၊ညီကျော်၊မတူး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၇:၀၅	၁၄။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၃၀	၁၅။	ကြေးမုံရိပ်သွင်တေးနုယဉ်
၇:၄၅	၁၆။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ခုန်သံပြိုင်ပွဲ" (ခန့်စည်သူ၊မင်းအုပ်စိုး၊ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-ကျော်ဇောလင်း)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး(၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၁၄ရက်နှင့် တပေါင်းလပြည့်နေ့ (မတ်၂၀၊၂၁ရက်)တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားသည်။ မတ်၂၁ရက် (တပေါင်းလပြည့်နေ့) အရုဏ်တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ မုန့်၊ ပန်း၊ ဆီမီး၊ရေချမ်းတို့ကပ်လှူကာ ဗုဒ္ဓါဘိသေကအနေကဇာတင်မည်ဖြစ်ပြီး ယင်းနေ့ညနေ ၄ နာရီတွင် ဘုရားအမှူးပြု၍ သံဃာ ၁၀၈ပါးနှင့် သီလရှင် ၂၉ပါး စုစုပေါင်း ၁၃၇ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅ သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

စိတ်ဝင်စားဖွယ်သတင်းစုံလင်စွာဖြင့် ရန်ကုန်တိုင်းမ် ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်းမ်
THE YANGON TIMES
မီး မီး ဥစ္စာဖြုန်းမီး

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ် ဂျာနယ်(ယာပုံ)အတွဲ(၄)အမှတ် (၁၁)တွင် ဆန္ဒခံယူပွဲ ဥပဒေအပေါ် သူတို့သည်လိုမြင်ကြသည် ဥပဒေပညာရှင်များ၏ သုံးသပ်ချက်များ၊ ဥစ္စာဖြုန်းမီးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ဆင်ခြင်သတိပြုရမည့် အချက်များ၊ မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံသို့ လာရောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့၊ အခြားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်တွေ့ဆုံပြီး မြန်မာ့အရေး ဆွေးနွေး သတင်းနှင့် ဓာတ်ပုံများ၊ အဆိုတော်စိုင်းထီးဆိုင် ကွယ်လွန်ခြင်းအပေါ် အနုပညာရှင်များ၏ ရင်တွင်းခံစားချက်များ၊ စိမ်းလဲ့ကန်သာလမ်း ငါးလောင်းပြိုင်လူသတ်မှုတွင် သေဆုံးသူများ၏ ရုပ်အလောင်းများ ရေဝေးတွင် မီးသဂြိုဟ်၊ အာရှနည်းပညာတက္ကသိုလ်က ပထမဆုံးအကြိမ် မြန်မာနိုင်ငံနှင့် နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်မည်၊ သားရဲတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်မှု ဒီပလိုမာသင်တန်း မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်မည်၊ ကိုရီးယားသို့ ပထမဆုံးတရားဝင် အလုပ်သမားစေလွှတ်နိုင်ရေး ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ မကြာမီပြုလုပ်မည်၊ ကျွန်းကေနှစ်သောင်းစိုက်ပျိုးမည့်စီမံကိန်း ကုမ္ပဏီ ၁၁ခုပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံးဆောင်ရွက်၊ ဇီဝလောင်စာစီမံကိန်း မြန်မာ-ကိုရီးယား လုပ်ဆောင်မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **"စားသောက်ကုန်များနှင့် အရောအနှော"** အကြောင်း စသည့် ပြည်တွင်းရေးရာ သတင်း ဝေဝေဆာဆာဖြင့် စာမျက်နှာ လေးမျက်နှာတိုးကာ ယနေ့ထွက်ရှိလာပြီဖြစ်သည်။ ဗီယက်နမ်က ပထမဆုံးရာနှုန်းပြည့် နိုင်ငံခြားပိုင်ဘဏ် တည်ထောင်ခွင့်ပြု၊ ဟစ်တလာကိုတိုက်ခိုက်ရန် ဗြိတိန်နိုင်ငံက ဗေဒင်ဆရာကို တာဝန်ပေးခိုင်းစေခဲ့၊ တရုတ်ကျောင်းသားများ အွန်လိုင်းမှ ဆဲခြင်းနှင့် ကောလာဟလပြောဆိုခြင်းကိုပိတ်ပင်ရန် စဉ်းစားနေ၊ "ပထွေး၏ သေလုနီးပါး ရိုက်နှက်ခံခဲ့ရပြီး သတိမေ့မြောနေသည့် မိန်းကလေး သေရွာမှပြန်လာ"နိုင်ငံတကာ မှုခင်းရေးရာ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍသစ်၊ အိမ်ကွင်းမှာ ခြေကုန်ထုတ်ရဦးမယ့် အာကြီးနဲ့ လီဗာပူးလ်တို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ် (၃၀)အားကစားသုံးသပ် စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ဂရင်းရွှိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ရက်ပြောင်းလဲ

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူးကျင်းပ၍ International Beverages Trading Co.,Ltd.မှ အဓိကကူညီပံ့ပိုးသော ၂၀၀၈ခုနှစ် Grand Royal Special Reserve Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ဗိုလ်လုပွဲစဉ်ကို မူလကျင်းပမည့်ရက် မတ် ၁၄ရက်မှ ၁၇ရက်အစား မတ်၂၁ရက်မှ ၂၃ရက်အထိ ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျင်းပပြီးခဲ့သော (လက်ရည်စစ်)ပြိုင်ပွဲများမှ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသူများသည် မတ် ၁၆ရက် နောက်ဆုံးထားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီရုံးခန်းမ ဖုန်း-၀၉-၉၉-၇၂၅၅၄၊ ၀၁-၆၅၃၁၇၄သို့ သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror မှုခင်း သတင်း များ

လျှပ်စစ်ဝန်ထမ်းအယောင်ဆောင် ငွေတောင်းခံသူကိုဖမ်းဆီးအရေးယူ

ရန်ကုန် မတ် ၁၁

ချမ်းအေးသာစံမြို့နယ်အတွင်း လျှပ်စစ်ဝန်ထမ်းအယောင်ဆောင်ကာ ငွေကြေးများ လိုက်လံတောင်းခံနေကြောင်း သတင်းအရ မတ် ၁၀ရက် မွန်းလွဲ ၁နာရီခွဲက မြို့နယ်လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မင်းထွေးနှင့်အဖွဲ့က လိုက်လံစုံစမ်းရှာဖွေခဲ့ရာ မျိုးမျိုးအောင်(၃၈)နှစ် (၅၇x၅၈ လမ်းကြား၊ ၃၂x၃၃ လမ်းကြား၊ ရွှေယဉ်မွန်ရပ်၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်နေသူ)သည် လျှပ်စစ်ဝန်ထမ်းအယောင်ဆောင်၍ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၈၂x၈၃ လမ်းကြား အိမ်အမှတ်(၂၂၅)နေ မခင်မာနွယ်ထံမှ ငွေကျပ် ၂၀၀၀၀ကိုလည်းကောင်း၊ ၂၇လမ်း၊ ၇၉x၈၀ လမ်းကြား၊ အိမ်အမှတ်(၁/၃၈)နေ ဦးဝင်းထံမှငွေကျပ် ၂၅၀၀၀ကိုလည်းကောင်း တောင်းခံပြီး လျှပ်စစ်မီးရရှိရန်အတွက် လျှပ်စစ်မီးကြိုးများသွယ်တန်းပေးမည်ဟုပြောဆို၍ လိမ်လည်ငွေတောင်းခံနေစဉ် ဖမ်းဆီးရမိခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အမှတ်(၈)ရဲစခန်းက မျိုးမျိုးအောင် အပေါ်(ပ)သတင်းချက်အမှတ် ၉၆/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၀ အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုန်တင်ယာဉ် တိမ်းမှောက်၊ လမ်းကြုံလိုက်သူသေဆုံး

ရန်ကုန် မတ် ၁၁

နေပြည်တော်လယ်ဝေးမြို့နယ် သစ်ပုတ်ပင် - လယ်ဝေးလမ်းပေါ် သစ်ပုတ်ပင်ကျေးရွာမှ အထွက်ဗေဒါအင်း တောင်အတက်လမ်းတွင် မတ် ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က မြင့်သိန်း (၆၁)နှစ် နေပြည်တော် လယ်ဝေးနေသူမောင်းနှင်သည့် ဟီးနိုးအမျိုးအစား အပြာရောင် ကုန်တင် ယာဉ်အမှတ် (၁က/၅၅၈၇) သည် တောင်တက်စဉ် ဂျိုင်းဆက်ပြုတ်၍ နောက်ပြန် လိမ့်ကျကာ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် လမ်းကြုံ လိုက်ပါလာသည့်ခရီးသည် ဒေါ်သန်းမြ (၄၀)နှစ်၊ ပင်ငါးမြောင်ကျေးရွာ၊ နေပြည်တော် လယ်ဝေးမြို့နယ်နေသူမှာ ဦးခေါင်းပေါက်ပြဲ ပွန်းပဲ့ဒဏ်ရာရရှိပြီး သေဆုံးသွားကာ ဒေါ်နီ (၄၆) နှစ် (ဘ)ဦးအောင်သိန်း၊ သူဌေးကျေးရွာ၊ နေပြည်တော် တပ်ကုန်းမြို့နယ်နေသူ အပါအဝင် လေးဦးမှာ ခန္ဓာကိုယ်အနှံ့ ဖူးရောင်ပေါက်ပြဲဒဏ်ရာများရရှိကာ နေပြည်တော် ခုတင် ၃၀၀ ဆံ့ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။ ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်းမြင့်သိန်းကို နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့က (ပ)သတင်းချက်အမှတ် ၆၉/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇/၃၃၈/၃၀၄-က အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခိုးမှုမှ ပြန်လည်ဖော်ထုတ်သိမ်းဆည်းရရှိခဲ့သည့် ရတနာပစ္စည်းကျပ် ၄၇၁ သိန်းကျော်ဖိုး ပိုင်ရှင်ထံ ပြန်လည်အပ်နှံ

ရန်ကုန် မတ် ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပြည်ထောင်စုရိပ်မွန်အိမ်ရာ ပန်းမယ်ဇလီလမ်း အိမ်တစ်အိမ်၌ ဖေဖော်ဝါရီ ၁၃ရက်က ငွေကျပ် ၄၇၁သိန်းကျော်ဖိုးရှိ ရတနာပစ္စည်းများ ခိုးယူခံရ၍ ပိုင်ရှင်က သုဝဏ္ဏရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

ယင်းခိုးယူမှုကို အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် သဃ်န်းကျွန်းနှင့်သုဝဏ္ဏရဲတပ်ဖွဲ့တို့မှ ပူးပေါင်း စစ်ဆေးဖော်ထုတ်ခဲ့ကြရာ ပြစ်မှုကျူးလွန်သူ မအေးအေးမိုး(ခ) မမိုးမိုးအေး (၂၉)နှစ်၊ မန္တလေး အောင်မြေသာစံမြို့နယ် ဇမ္ဗူအေးရပ်ကွက် ၁၆x၁၇လမ်းကြားနေထိုင်သူအား ၁၀ရက် အတွင်း ဖော်ထုတ်၍ (ပ)၈၅/၂၀၀၈ ပြစ်မှုပုဒ်မ ၃၈၀ဖြင့် အရေးယူခဲ့သည်။

ယင်းအမှုမှ သိမ်းဆည်းရမိသော သက်သေခံ ရတနာပစ္စည်းများအား ပိုင်ရှင်ထံ ပြန်လည် ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် နံနက်ရနာရီက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်အေးက အမှာစကား ပြောကြားပြီး သက်သေခံ ရတနာပစ္စည်းများကို ပိုင်ရှင် ဒေါ်နီနီမြင့် (၆၈)နှစ်အား ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)** ယင်းနောက် ပိုင်ရှင်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။ (၅၀၆)

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာ/ အခွန် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၁၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်သို့လည်းကောင်း၊ ကျောက်မဲမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်သို့လည်းကောင်း၊ သီပေါမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းရုံးခွဲတို့သို့ လည်းကောင်း ရောက်ရှိစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ဘဏ်ခွဲမန်နေဂျာနှင့် ရုံးခွဲတာဝန်ခံများက ဘဏ်နှင့် ငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်သွားကြရန်မှာကြားသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဘဏ္ဍာ/အခွန်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို မတ် ၈ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လားရှိုးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်နယ် မန်နေဂျာရုံး၊ ပြည်တွင်း အခွန်များ ဦးစီးဌာန၊ ပြည်နယ်အခွန်များဦးစီးဌာနမှူးရုံး၊ ခရိုင်နှင့်မြို့နယ် အခွန်ဦးစီး ဌာနမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပွင့်ဖြူမြို့နယ် ကုန်းဖောင်းရွာ ဓမ္မစေတီ ဖောင်ဒေးရှင်းအဖွဲ့မှ ဓမ္မစေတီ ကမ္ဘာ့အကြီးဆုံး ကြေးစည်တော်အတွက် အလှူငွေကျပ် တစ်သိန်းနှင့် ကြေးပိဿာ ၃၀ လှူဒါန်းရာ ဓမ္မစေတီဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် မင်းကွန်းဓမ္မစေတီဆရာတော် ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရ အလှူခံစဉ်။ (က-ပ)

ပင့်ဆောင်

ရောဝတီတိုင်း ဝါးခယ်မမြို့နယ် လမ်းသမိုင်ရွာ အောင်ရတနာ ဘုန်းတော်ကြီး စာသင်တိုက်အတွင်း တည်ထားကိုးကွယ်မည့် ကိုးတောင်ပြည့် စေတီတော်မြတ် ဘုရား ထီးတော်သစ်ကပ်လှူပွဲ၊ ထမနဲထိုးပွဲ၊ မီးပုံးပျံ လွှတ်တင်ပွဲကို တပို့တွဲလပြည့်နေ့က ကျင်းပရာ ထီးတော်မြတ်တင်ရန် ဗုဒ္ဓဆင်းတုတော်များ ပင့်ဆောင်လာကြစဉ်။ (က-ပ)

ကျောက်ဖြူမြို့ အလက(၂)အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

ကျောက်ဖြူမြို့ အလက(၂) (မြို့မကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂၂ ရက်(စနေနေ့) နံနက် ၉ နာရီတွင် အမှတ်(၃၆၃) သုံးလွှာ(ရွှေဗဟို ဟိုတယ်ရှေ့) ကျိုက္ကဆံလမ်း တာမွေမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဦးသန်းဌေးအုန်း ဖုန်း-၀၉၅၁ ၈၅၀၂၉၊ ၅၆၃၀၄၄၊ ၅၂၄၆၈၃၊ ကိုတင်ဌေး၊ ကိုထွန်းနိုင် ဖုန်း-၀၉၅၀ ၁၃၈၈၇၊ ၅၄၆၇၃၇၊ မခင်လှမြိုင် ဖုန်း-၀၉၅၀ ၃၉၂၅၅၊ ဒေါ်အေးအေးရွှေ ဖုန်း-၇၂၃၉၅၆၊ မရီရီသန်း ဖုန်း-၀၉၉၉ ၂၆၉၆၇၊ မကြည်ဖြူ ဖုန်း-၅၄၆၁၁၃၊ မစန်းစန်းအေး ဖုန်း-၇၂၅၃၉၂ တို့သို့ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

အထက(၂) မော်လမြိုင်ကျွန်းမြို့ ပထမအကြိမ် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၅ရက်(စနေနေ့) ညနေ ၄နာရီတွင် အထက်ပါ ကျောင်းမြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ ထို့ပြင် ရပ်ဝေးရောက် ဆရာ၊ ဆရာမများ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်နိုင်ရန်နှင့် လှူဒါန်းလိုသူများသည် ကိုသန်းနိုင်ဦး အထက(၂) ဖုန်း-၀၄၂-၅၀၁၁၈၊ ကိုနိုင်ဦး ဖုန်း-၀၄၂-၅၀၃၆၁နှင့်မသက်သက်ခိုင် ဖုန်း-၀၉၅၁-၁၂၅၁၈ တို့သို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

မြန်မာဘရူဝါရီလီမိတက်၏ ၂၀၀၈ ခုနှစ် ကရဏာရေးရှုမြန်မာမှုနှစ်သစ်ကူး အထူးအစီအစဉ်နှင့်စပ်လျဉ်း၍စာနယ်ဇင်းဆိုင်ရာများနှင့်တွေ့ဆုံပွဲတွင်မြန်မာဘရူဝါရီ လီမိတက် အထွေထွေမန်နေဂျာ Mr.Peter Ong အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက်၏ ၂၀၀၈ခုနှစ် ကရဏာရေးရှုမြန်မာမှုနှစ်သစ်ကူး အထူးအစီအစဉ်နှင့်စပ်လျဉ်း၍ စာနယ်ဇင်းဆိုင်ရာများနှင့် တွေ့ဆုံပွဲ ကျင်းပ

ရန်ကုန် မတ် ၁၁

မြန်မာဘရူဝါရီလီမိတက်၏ ၂၀၀၈ ခုနှစ် ကရဏာရေးရှုမြန်မာမှု နှစ်သစ်ကူး အထူးအစီအစဉ်နှင့် စပ်လျဉ်း၍ စာနယ်ဇင်းဆိုင်ရာများနှင့် တွေ့ဆုံပွဲ၊ လူမှုရေးအသင်းအဖွဲ့သို့ အလှူငွေများ ပေးအပ်ပွဲနှင့် ဝန်ထမ်းများစုပေါင်း သွေးလှူဒါန်းပွဲကို မတ် ၁၀ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ဝင်္ကပါ)၌ ကျင်းပရာ မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)၊ အထွေထွေမန်နေဂျာ Mr.Peter Ong နှင့် တာဝန်ရှိသူများ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr.Peter Ong က အဖွင့်အမှာစကားနှင့် ၂၀၀၈ခုနှစ် ကရဏာရေးရှုမြန်မာမှု နှစ်သစ်ကူး အထူးအစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ ငွေကျပ်သိန်း၃၀၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ဝင်္ကပါ)၊ ကော့မှူးမြို့နယ် အောင်ဇေယျ လူငယ်ဖွံ့ဖြိုးရေးဂေဟာမသန်မစွမ်းကလေးများကျောင်း၊ ခရစ်ယာန်များ မျက်မမြင်အသင်း၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ နယူးလိုက်ဖ်ဖောင်ဒေးရှင်း၊ ရတနာသီရိဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မန္တလေးမြို့ နားမကြားသော ကလေးများကျောင်း၊ မန္တလေး မန်းတောင်ခြေဘိုးဘွားရိပ်သာ၊ တောင်ကြီးမြို့ မသန်မစွမ်းကလေးများကျောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ တိုင်းရင်းသားများလူငယ်ဖွံ့ဖြိုးရေး (ပရဟိတ)ဂေဟာ၊ မော်လမြိုင်မြို့ မိဘမဲ့လူငယ် သင်တန်းကျောင်း၊ ပုသိမ်မြို့ ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းနှင့် လှည်းကူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့အား ငွေကျပ် ၁၀ သိန်းစီတို့ကို မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌ၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာဘရူဝါရီလီမိတက် ဝန်ထမ်းများက ၂၀၀၈ ခုနှစ် ကရဏာရေးရှု မြန်မာမှုနှစ်သစ်ကူး အထူးအစီအစဉ်အဖြစ်စုပေါင်းသွေးလှူဒါန်းကြသည်။

မြန်မာ ဘရူဝါရီလီမိတက်သည် မြန်မာနိုင်ငံအတွင်းရှိ အခြားသော ကုမ္ပဏီများနည်းတူ နှစ်စဉ် မြန်မာ့ရိုးရာ နှစ်သစ်ကူးပွဲတွင် အထူးအစီအစဉ်များဖြင့် ကုမ္ပဏီ၏ ပရိသတ်များကို ပျော်ရွှင်မှုများ ရရှိစေရန် ကျင်းပဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ်တွင် လူမှုရေးအသင်းအဖွဲ့များကိုအမှတ်တရဖြစ်စေရန် ၂၀၀၈ ခုနှစ် ကရဏာရေးရှု မြန်မာမှုနှစ်သစ်ကူး အစီအစဉ်အဖြစ် ထောက်ပံ့လှူဒါန်းနိုင်ရန် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၁

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ထူးချွန်ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကို မတ် ၁ ရက် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားဝင်း အသင်းဓမ္မာရုံ၌ ကျင်းပသည်။ ရှေးဦးစွာ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးအသင်းဝင် ၁၈ ဦးအားပူဇော်ကန်တော့ကြသည်။ ကန်တော့ခံပုဂ္ဂိုလ်များကိုယ်စား နာယက ဗိုလ်ကလေးတင့်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် အဂ္ဂမဟာသီရိသုဓမ္မဓဇာဓောတရေ ဘွဲ့တံဆိပ်တော်ရ သီတဂူဦးနိုင်ဦးအား အသင်းနာယကဦးကျင်မောင်က ဂုဏ်ပြု မှတ်တမ်းပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပညာရည်ချွန်ဆုများချီးမြှင့်ရာ Ph.D ဒေါက်တာဘွဲ့ရတစ်ဦး၊ ၂၀၀၆-၂၀၀၇ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်သည်။

နှစ်ပတ်လည် အစည်းအဝေးတွင် ဥက္ကဋ္ဌဦးစောဝေ(ပန်ဒါဟိုတယ်)၊ အတွင်းရေးမှူး ဦးသိန်းညွှန့် (ဧရာဓနကုမ္ပဏီ)၊ ဘဏ္ဍာရေးမှူး ဦးဝင်းမြင့်(ချမ်းမြေ့ပါစေပို့ဆောင်ရေး)တို့ပါဝင်သော အလုပ်အမှုဆောင်များကို ရွေးချယ်တင်မြှောက်သည်။ (က-ပ)

မှူခင်းကျဆင်းရေးအသိပညာပေးဟောပြော

ရန်ကုန် မတ် ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့ကကြီးမှူးကျင်းပသော မှုခင်းကျဆင်းရေးနှင့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်က လှိုင်သာယာမြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းအားကစားခန်းမ၌ ကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး လှိုင်သာယာမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်စိန်က မှုခင်းကျဆင်းရေးနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်တရားသူကြီး ဒေါ်ဆွေဆွေလဲ့က ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်သက်သည့် မှုခင်းပိုင်းဆိုင်ရာအသိပညာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးသန်းဝင်းက ဥပဒေပိုင်းဆိုင်ရာနှင့် ပတ်သက်သော အသိပညာများကိုလည်းကောင်း၊ စာရေးဆရာ ဦးမြတ်ဝေတိုး(မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်)က ပြစ်မှုဆိုင်ရာ စာပေအသိပညာများကိုလည်းကောင်း၊ စာရေးဆရာဦးမြတ်စိုး (မြတ်စိုး-လှိုင်)က မှုခင်းဆိုင်ရာ စာပေအသိပညာများကိုလည်းကောင်း ဟောပြောကြသည်။ (၄၉)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နေပြည်တော်လယ်ဝေး မီးဘေးသင့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ နေပြည်တော်လယ်ဝေး မီးဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၁

နေပြည်တော်လယ်ဝေး မီးဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်လယ်ဝေးရှိ အင်ဘုဘုန်းတော်ကြီးကျောင်း ပြည်လုံးချမ်းသာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာနေပြည်တော်လယ်ဝေး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ထွန်းက မတ် ၉ရက် မွန်းလွဲပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နေပြည်တော်ပျဉ်းမနားခရိုင် တာဝန်ခံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က မီးဘေးသင့် အိမ်ထောင်စုဝင်များကို အားပေးစကားပြောကြားကြသည်။

ယင်းနောက် မီးဘေးသင့် အိမ်ထောင်စုများအား အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးလှူဒါန်းသည့် အဝတ်အထည်များနှင့် ငွေကျပ် သိန်း ၁၀၀၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးလှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းတို့ကို နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်ကလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ငွေကျပ် ၁၀ သိန်း၊ ဆန်အိတ် ၅၀ နှင့် အဝတ်အထည်များကိုလည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနက လှူဒါန်းသည့်ထောက်ပံ့ငွေနှင့်ပစ္စည်းများကို စက်မှုညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်ကလည်းကောင်း နေပြည်တော်လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ထွန်းထံသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စေတနာရှင်ပြည်သူများက ထောက်ပံ့ငွေနှင့် ပစ္စည်းများကိုပေးအပ်လှူဒါန်းကြရာ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား